မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၇)

လူထုပါဝင်မှုအခြေပြုသုတေသန အောက်ခြေဆင်းပြီးလုပ်ဆောင်

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် ကျေးလက်နေပြည်သူများကိုယ်တိုင်က မိမိတို့ဒေသ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုတွင် မိမိကိုယ်တိုင်လည်းတာဝန်ရှိကြောင်း သိမြင်ခံယူကြပြီး ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်လာစေမှုကို ဦးတည်ထားသော Participatory Research Method ဟုခေါ်သည့် လူထုပါဝင်မှုအခြေပြုသုတေသနအမျိုးအစားများကို အောက်ခြေဆင်းပြီး လုပ်ဆောင်။

တိုင်းရင်းသားများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေး ခေတ်မီ ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ ချီတက်လျက်ရှိ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲရေး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မြဲမြဲနှလုံးသွင်း

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်ကြိုးပမ်းရာတွင် နိုင်ငံသူနိုင်ငံသားများကျန်းမာကြံ့ခိုင်ရေး အထူးအရေးပါ ရောဂါကာကွယ်ရေးကုသရေးနှင့် ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းများ ဟန်ချက်ညီညီအကောင်အထည်ဖော်

ရန်ကုန် ဇန်နဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဇီဝကလမ်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲတွင် ဆေးဝါးနှင့်ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ရန်ကုန်မြို့၌ ပထမဦးဆုံးဖွင့်လှစ်

တစ်ချိန်တည်း မော်တော်ယာဉ်လေးစီး တစ်ပြိုင်တည်း CNG ဖြည့်တင်းပေးနိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၃)(အလုံ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❐ "ယခုအခါ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာ၊ ဓလေ့၊ ယဉ်ကျေးမှု ရေမြေသဘာဝနှင့် ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။"

ခေါင်းကြီး(စာ-၂)

❐ "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အဲဒီလို အမျိုးသားညီလာခံကြီးက ထွက်ခွာပြီးနောက်ပိုင်းမှာ အခြားအကျိုးထူးတဲ့ နည်းလမ်းတစ်ခုကို အစားထိုးနိုင်မလားလို့ စဉ်းစားဖွယ်ရာဖြစ်ပေမယ့် အမျိုးသားညီလာခံကြီးက နုတ်ထွက်ခဲ့တာသာ အဖတ်တင်ပြီး ဘာတစ်ခုမှ အကျိုးမထူးခဲ့ပါဘူး။"

အောင်မိုးစံ၏ဆောင်းပါး(စာ-၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

အေးချမ်းသာယာပြီး စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးဖြစ်ထွန်းရေး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန် စတင်ယူစဉ်ကပင် နိုင်ငံတော်အတွက် အထူးအရေးကြီးသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ခဲ့သည်။

ဆက်လက်၍ ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများဖြစ်သည့် တိုင်းရင်းသား ညီနောင်အချင်းချင်း လက်နက်ကိုင် ဆန့်ကျင်မှုများ၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ယွင်းမှုများ၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရမှုများ၊ ဘိန်းစိုက်ပျိုးမှုများ စသည့်အနိဋ္ဌာရုံများ ပျောက်ကွယ်သွားစေရန်အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ပူးပေါင်းလက်တွဲ ကြိုးပမ်းခဲ့ကြသည်။

ယခုအခါ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုများ ဖြစ်ထွန်းလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုများလည်း တိုးတက်ဖြစ်ထွန်းလျက် ရှိသည်။ ယင်းကဲ့သို့ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း နေရာဒေသ မရွေး၊ လက်ညှိုးထိုးမလွဲ အစီအရီတိုးတက်ဖြစ်ထွန်းလာနေပြီ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီလ ၁၁ရက်နေ့က ကရင်ပြည်နယ် မြဝတီခရိုင် သင်္ကန်းညီနောင်သို့ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြားရာတွင်-

"နယ်စပ်ဒေသများ အေးချမ်းသာယာလာသည်နှင့်အမျှ နယ်စပ်ဒေသများ၏ လုံခြုံရေးအခြေအနေများ ကောင်းမွန်တိုးတက်လာခဲ့ပြီး အုပ်ချုပ်ရေးပိုမိုစနစ်ကျနကောင်းမွန်စေရန်လည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အကျိုးရလဒ်ကောင်းများအနေဖြင့် ဒေသနေ တိုင်းရင်းသားပြည်သူများအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တိုးပွားလာခဲ့ကြောင်း"

ပြောကြားသွားခဲ့သည်။

နယ်စပ်ဒေသများ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန်အတွက် နိုင်ငံတော်အစိုးရကိုယ်စား ဒေသအလိုက် တာဝန်ယူဆောင်ရွက်ကြရသည့် ဝန်ထမ်းများက နိုင်ငံတော်က တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် စေတနာကောင်းများ ပိုမိုအောင်မြင် ဖြစ်ထွန်းစေရန် စေတနာရှေ့ထား၍ ကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသများသာမက နယ်မြေဒေသများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးလျက် ရှိသည်။

ရှေ့အဖို့တွင်လည်း နယ်မြေဒေသများ ပိုမိုတိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်နေမည်ဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းနေသော အရှိန်အဟုန်များအတိုင်း အစဉ်အလာမပျက် ဆက်လက် ဆောင်ရွက်ကြရန် ဖြစ်သည်။ နယ်စပ်မြို့များရှိ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် မိမိအကျိုးနှင့် နိုင်ငံတော်အကျိုး မျှတစွာတိုးတက်ဖြစ်ထွန်းစေရေးအတွက် ဆက်လက်ကြိုးပမ်း လုပ်ဆောင်ကြရမည် ဖြစ်သည်။

ယခုအခါ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာ၊ ဓလေ့၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝနှင့် ဆီလျော်ညီညွတ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ နိုင်ငံသားများအားလုံးအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး စည်းလုံးခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် ထာဝရဖြစ်ထွန်းစေရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသား ပြည်သူအားလုံးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅-၁-၂၀၀၅

(စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဒါရုကောပမသုတ်"**
- ၉း၁၀ ၁၀။ ရုပ်မြင်သံကြားဇာတ်လမ်း **"အရှုံးမပေးမဆုံးသေးပါ မသီတာ"** ဒါရိုက်တာ-အောင်ကျော်မင်း (သရုပ်ဆောင်-ဖြိုးငွေစိုး၊ မင်းသူ၊ စိုးမြတ်နန္ဒာ)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
- ၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Myanmar Timper Elephant (ဒုတိယနှစ်-အင်္ဂလိပ်စာ)
- ၅း၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၂)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ English Premier League ဘောလုံးပွဲ Tottemham Hotspur Vs Chelsea

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန် နှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ခေတ်မီဘက်စုံတည်ဆောက်ရေး"**နှင့် **"ရှုချင်စဖွယ် အမျိုးသား ယဉ်ကျေးမှု"** ဟူ၍ ခေါင်းစဉ်နှစ်မျိုးသတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို (၁၀ လက်မ x၁၂လက်မ)နှင့် အထက်အရွယ် Printပုံဖြင့်ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ပူးတွဲပေးပို့ရမည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂိုတစ်ကို တင်ပြနိုင်ရမည်ဖြစ်ပြီး ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption)ကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲပေးပို့ရ မည်ဖြစ်သည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည် ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ အား ၂၀၀၅ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည် ဖြစ်သည်။ ကျန်အထူးဆုရရှိသူများအား သက်ဆိုင်ရာ တိုင်း၊တပ်မဌာနချုပ်များ၌ ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအမှတ်(၂၂-၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန်သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့နယ်အမက(၂၃) ပညာ့ အလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက်က ကျင်းပ ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်မောင် လွင်၊ ကျောင်း အုပ်ဆရာမကြီး ဒေါ်တင်မှီနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ရေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရေးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ဗဟန်း (၃)လမ်း ခေမာရာမသီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသင်းဝင်မိသားစုများမှ (၇၅)နှစ်ပြည့်ပြီးသူ အဘိုး၊ အဘွားအမည်စာရင်းများ၊ ၂၀၀၄-ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူ အမည်စာရင်းများကို ဇန်နဝါရီ ၁၅ရက် နောက်ဆုံး စာရင်းပေးပို့ကြရန်နှင့် အလှူငွေများကို ဦးဝါရှိန် ဖုန်း-၂၅၀၃၃၂၊ ဦးဖေအောင် ဖုန်း-၅၇၀၀၆၂ ၊ ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅၁၊ ဒေါ်ခင်စောမြင့် ဖုန်း-၅၀၁၅၁၇၊ ဒေါ်မိမိဆန်းဖုန်း-၀၉-၉၉ ၂၀၃၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်း အဖွဲ့များ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ဘင်ခရာ တီးဝိုင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ တီးဝိုင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများသည် နံနက် ၇နာရီခွဲတွင် စုရပ်မှ ပြည်သူ့ရင်ပြင်သို့ ချီတက်နေရာယူကြပြီး နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများကနှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌအား အလေးပြုကြပြီး ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊တာမွေမြို့နယ်အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊ မီးသတ်ဦးစီးဌာန ကိုယ်စားပြု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တီးဝိုင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတပ်ဖွဲ့ တီးဝိုင်းနှင့် တပ်မတော် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ စစ်တီးဝိုင်းအဖွဲ့တို့က သရုပ်ဖော်ပြကွက်များဖြင့် အလုပြ တီးမှုတ်ဖျော်ဖြေကြသည်။

ယင်းနောက် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီသို့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ်နှစ်သိန်း၊ အမေရိကန်ဆားဗစ် (မြန်မာ) ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ထူးက ငွေကျပ်ငါးသိန်းနှင့် မွန်းလိုက်တူရိယာ ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစောအောင်နိုင်က ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုငွေများချီးမြှင့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အလုပြ တီးမှုတ်ဖျော်ဖြေကြသည့် တီးဝိုင်းအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များနှင့် စစ်ကြောင်းကြီးများမှ ပြိုင်ပွဲဝင် အသင်း ၅၆ သင်းပါဝင်ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကုဏ္ဍာဝံသနှင့် ဆရာတော် ဘဒ္ဒန္တ ဇဝနတိက္ခ(မုံရွာ)အရှင်သူမြတ်နှစ်ပါးတို့က ဇန်နဝါရီ၂၃ရက်မှ ၃၀ ရက်အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရား စခန်းဝင်လိုသူများ ဇန်နဝါရီ ၂၂ရက်(စနေနေ့)ညနေ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့် အတူလာရောက် စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကန်တော်ကလေး ထီးတန်းဓမ္မာရုံတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ထီးတန်းဓမ္မာရုံ ရတနတ္တယဝေယျာဝစ္စ ဆွမ်းလောင်းအသင်း၏ (၈၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲအကြိုတရားပွဲများကို ပြာသိုလဆန်း၆ရက် (ဇန်နဝါရီ၁၅ရက်)မှ ပြာသိုလဆန်း ၁၀ရက် (ဇန်နဝါရီ၁၉ ရက်) အထိ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၁၅ရက်တွင် အရှင်သီရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ၁၆ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၇ ရက်တွင် ဘဒ္ဒန္တ ဂန္ဓမာလာ လင်္ကာရ၊ ၁၈ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လနှင့်၁၉ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော် အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ညစဉ် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ပခုက္ကူအသင်း(ရန်ကုန်)၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို (၂၀၀၅)အသင်းအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပခုက္ကူအသင်းဝင်များ၏ ၂၀၀၃-၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရှင် သားသမီးများနှင့် ၂၀၀၄ခုနှစ် ဆို၊ က၊ ရေး၊တီး ပြိုင်ပွဲဆုရ အသင်းဝင်များ ဂုဏ်ပြုပွဲနှင့်အတူ ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက် ၇၅နှစ်ပြည့်ပြီး အသင်းဝင်များ၏ ဂုဏ်ထူးရှင် သားသမီးများသည် ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား၍ ဦးအောင်မြင့်သိန်း ဖုန်း-၅၃၅၄၉၆၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈ ၃၈၅၇၊ ဦးသန်းမြင့် ဖုန်း-၆၄၂၄၄၅၊ ၆၄၂၉၃၀နှင့် အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း-၃၇၂၃၃၀တို့သို့ အထောက်အထားမိတ္တူများနှင့် စာရင်းပို့ကြရန်နှင့် နှစ်စဉ်ကန်တော့ခံပုဂ္ဂိုလ်များနှင့် ပခုက္ကူနယ်သူ၊ နယ်သားများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မင်းဘူးလင်းနေကျကန်တောရ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မင်းဘူးမြို့ လင်းနေကျကန်တောရ ဆရာတော်ဦးပဏ္ဍိစ္စ(ဘဘုန်း)၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်ပူဇော်ပွဲကို ယင်းကျောင်းတိုက်တွင် ဖေဖော်ဝါရီ၅ရက်နှင့် ၆ရက်တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးစိုးမြင့်သူ ဖုန်း-၀၁- ၆၅၂၁၈၃၊ ဦးညွန့်သန်း ဖုန်း-၀၁- ၅၁၄၀၄၆နှင့် ဦးသန်းထွန်း ဖုန်း-၀၁-၂၂၀၆၇၃၊ ၀၉- ၉၉-၂၈၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ မိဘဆရာအသင်းနာယက ဦးခင်မောင်က ကျောင်းအဝင်စောင်းတန်းဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းငါးသောင်းကို လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးဦးရွှေဘက လက်ခံစဉ်။ (က-ပ)

ဇန်နဝါရီ ၈ ရက်က မရမ်းကုန်းမြို့နယ်သမိုင်းလမ်းဆုံတွင် "မရမ်းကုန်းမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ HIV/ AIDS ကင်းစင်ရမည်" မြေစိုက်ဆိုင်းဘုတ်ကို ဒု-ရဲမှူးဌေးလွင် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဦးဝင်းနိုင် အတွင်းရေးမှူး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကျေးလက်ပြည်သူများ၏ ကျန်းမာရေး ပြုစုစောင့်ရှောက်ရန် တရုတ် ဆရာဝန်တစ်သောင်း ကျေးလက်သို့သွားရောက်ကြမည်

ပေကျင်း ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံတွင် သုံးနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနများသို့ မြို့မှဆရာဝန်တစ်သောင်းစေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း တရုတ် ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ ယခုနှစ် ဖွန်လမကုန်မီ ဆရာဝန်များ စေလွှတ်မည်ဖြစ်ကြောင်း ကျန်းမာရေး ဝါရင့်တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပေကျင်း၌ပြုလုပ်သည့် ကျန်းမာရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်၌ ပြောကြားသည်။

အဆိုပါစီမံကိန်းကို ဆရာဝန်တစ်သောင်းက ကျေးလက်ဒေသနေ ပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းဟု ခေါ်ဆိုကြောင်း၊ ကျေးလက်ဆေးရုံ၊ ဆေးပေးခန်းများ၊ ကုသမှုများ တိုးတက်ရေးနှင့် လယ်သမားများအား အချိန်တိုင်း ကူညီပေးရန်ဖြစ်ကြောင်း၊ ကုသမှုများအဆင်ပြေစေရေးနှင့် စရိတ်စကများ သက်သာစေရန်အတွက်လည်း ရည်ရွယ်ကြောင်း ကျန်းမာရေး ဒုတိယဝန်ကြီး ကောင်ကျင်းက ပြောကြားသည်။

သင်ကြားပေးမည်

စီမံကိန်း၏ တစ်စိတ်တစ်ဒေသအဖြစ် ယခုနှစ်တွင် နိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဖွံ့ဖြိုးမှုနည်း ဒေသများတွင် အဆင့်မြင့်ဆေးရုံ ၆၀၀ ၌ မြို့တော်များမှ ဆရာဝန်များ ရရှိစေမည်ဖြစ်ကြောင်း၊ ယင်းတို့သည် လူနာများကို ကုသပေးမည်ဖြစ်ကြောင်း၊ ဒေသရှိ ဆေးဝန်ထမ်းများကို သင်ကြားမှုနှင့် လေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံသုံးပစ္စည်းများလည်း လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းစီမံကိန်းကို ဗဟိုနှင့်ဒေသဆိုင်ရာ အစိုးရများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ကောင်ကျင်းက ပြောကြားသည်။

ထူထောင်သွားမည်

တရုတ်နိုင်ငံသည် ကျေးလက်နေပြည်သူ ဦးရေသန်း ၉၀၀ ရှိပြီး ၈၀ ရာခိုင်နှုန်းနီးပါးသည် ဆေးကုဌာနများမရှိကြောင်း သိရသည်။ ကျေးလက်နေ တောင်သူ လယ်သမားများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ရန်အတွက် ကျေးလက်ဒေသများတွင် ပူးပေါင်းဆောင်ရွက်သည့် ဆေးကုသရေးစနစ်နှင့် ရွှေ့ပြောင်းလှည့်လည် ကုသသည့် ဆေးကုသရေးအသင်းများ ထူထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ကမ္ဘာ့အဆိုးရွားဆုံး မိုးခေါင်မှုများဖြစ်ပေါ်မှု ရာသီဥတုပြောင်းလဲစေသည့် အဓိကအကြောင်းရင်းဖြစ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၃

လွန်ခဲ့သော နှစ်၃၀က ကမ္ဘာ့အဆိုးရွားဆုံး မိုးခေါင်မှုများသည် ကမ္ဘာ့အပူချိန်မြင့်မားမှု၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်စေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက အင်္ဂါနေ့က ပြောကြားလိုက်သည်။

ကမ္ဘာ့ကုန်းမြေဧရိယာ၏ ရာခိုင်နှုန်းသည် ၁၉၇၀ပြည့်လွန်နှစ်များမှ ၂၀၀၀ပြည့်လွန်နှစ်များထိ မိုးခေါင်မှုနှစ်ဆ ဆိုးရွားစွာဖြစ်စေခဲ့ကြောင်း အမေရိကန် အမျိုးသား ဗဟိုလေထုဆိုင်ရာ သုတေသန(အင်န်စီအေအာ)၏ လေ့လာချက်အသစ်အရ သိရှိရသည်။

ထုတ်ပြန်

အင်န်စီအေအာ သုတေသနပညာရှင် အီဂေါ်ဒိုင်သည် ကာလီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုမြို့၌ အမေရိကန် မိုးလေဝသဆိုင်ရာအဖွဲ့(အေအမ်အက်စ်)၏ နှစ်ပတ်လည်အစည်းအဝေးတွင် နောက်ဆုံး တွေ့ရှိလေ့လာချက်များကို ဗုဒ္ဓဟူးနေ့က တင်ပြသွားခဲ့သည်။ ယင်းလေ့လာတွေ့ရှိချက်ကို မိုးလေဝသဆိုင်ရာ ဂျာနယ်ကလည်း ဒီဇင်ဘာလက ထုတ်ပြန်ခဲ့သည်။

လက်တွေ့စမ်းသပ်

ဒိုင်နှင့်အဖွဲ့သည် ကမ္ဘာ့မြေကြီးအလွန်အမင်းခြောက်သွေ့မှုဖြစ်ရခြင်း အကြောင်းတရားများကို လက်တွေ့စမ်းသပ်မှု ပြုလုပ်ကြရာ ၁၉၇၀ ပြည့်လွန်နှစ်များက ခြောက်သွေ့မှု ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းရှိရာမှ ၂၀၀၂ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းအထိ ရှိလာသည်ဟု ဆိုသည်။

အဆိုပါ ရာသီဥတုပြောင်းလဲရခြင်း၏ ထက်ဝက်နီးပါးသည် မိုးရွာသွန်းမှု သို့မဟုတ် ဆီးနှင်းကျမှု လျော့နည်းပြီး အပူချိန်မြင့်မားနေခြင်းကြောင့်ဖြစ်ကြောင်း ဒိုင်က ပြောကြားသည်။

တိုးပွားလာစေ

ယင်းရလဒ်များကြောင့် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေကာ မိုးခေါင်ရေရှားမှုမှ စွန့်စားရမှုများ တိုးပွားလာစေသည်ဟု အင်န်စီအေအာ၏ သတင်းကြေညာချက်၌ ဒိုင်က ပြောဆိုထားသည်။

ကမ္ဘာ့ကုန်းမြေ ဧရိယာတွင် ရေငွေ့ပါဝင်မှုနည်းသည့်ဒေသများ ကျယ်ပြန့်လာမှုများသည် လွန်ခဲ့သည့် ဆယ်စုနှစ်များက တိုးပွားလာခဲ့သည်။ ပျမ်းမျှ ကမ္ဘာ့ပြောင်းလဲမှုသည်လည်း အနည်းငယ်မြင့်မားစေခဲ့သည်။

သို့ရာတွင် ကမ္ဘာမြေပြင်ရှိ လေထုမျက်နှာပြင် အပူချိန်သည် ၁၉၇၀ ပြည့်လွန်နှစ်များမှစပြီး သိသာစွာ တိုးလာမှုကြောင့် ကမ္ဘာမြေမှ ရေငွေ့ပျံရန် လျော့နည်းစေပြီး ပူနွေးမှုများ တိုးပွားစေခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်မှု ဖိလစ်ပိုင်အစိုးရ အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်

မနီလာ ဇန်နဝါရီ ၁၃

ဖိလစ်ပိုင်အစိုးရသည် ဖွံ့ဖြိုးရေးစီမံကိန်းများကို ထိရောက်စွာ အရှိန်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ယင်းလုပ်ငန်းများကို နိုင်ငံခြားချေးငွေများ ထူထောင်ပေးခြင်းဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့က ပြောကြားသည်။

ဖိလစ်ပိုင်နှင့် ဂျပန်တို့သည် အခြေခံအဆောက်အအုံ စီမံကိန်းခြောက်ခုအတွက် ဂျပန်နိုင်ငံက ပူးပေါင်းဆောင်ရွက်ရေးဘဏ်(ဂျေဘီအိုင်စီ)မှ ချေးငွေ ၁၆ ဘီလီယံပီဆို (အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၇၁ သန်း)ကျော်ကို ပယ်ဖျက်ရန် သဘောတူပြီးဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ၏ ပြောခွင့်ရပုဂ္ဂိုလ် အက်နာစီယိုဘန်ရီက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂါးလ်အာရိုယိုနှင့် ဂျပန် ဘဏ္ဍာရေးဝန်ကြီး ဆာဒါဘာဇူတာနီဂါဘီတို့ သမ္မတနန်းတော်၌ တနင်္လာနေ့က တွေ့ဆုံဆွေးနွေးပြီးနောက် ချေးငွေများပယ်ဖျက်ခြင်းကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ချေးငွေများပယ်ဖျက်ခြင်းသည် စီမံကိန်းများ ပိုမိုလျင်မြန်စွာ တိုးတက်လာစေရန် အစိုးရနှစ်ဖက်စလုံးမှ သဘောတူထားကြောင်း ဘန်ရီက ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ပေါ်ရန် အာရုံစိုက် လုပ်ဆောင်မည်ဖြစ်ကြောင်း ဘန်ရီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ ဆန်ညိုအီလက်ထရွန်းနစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် ပေါင်မုန့်မီးကင်စက် အသုံးပြုပုံကို ဇန်နဝါရီ ၁၂ရက်က ဝန်ထမ်းတစ်ဦးက ရှင်းလင်းပြသနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြေအောက်ရထားလမ်းများ အရေးပေါ်စနစ် တပ်ဆင်မည်

ပေကျင်း ဇန်နဝါရီ ၁၃

ပေကျင်းသည် ၎င်း၏မြေအောက်ရထားလမ်း အရေးပေါ်စနစ် တိုးတက်တပ်ဆင်ရန် ယွမ် ၉ သန်း (အမေရိကန်ဒေါ်လာတစ်သန်းကျော်) ရင်းနှီးမြှုပ်နှံသုံးစွဲမည်ဖြစ်ကြောင်း ပေကျင်းသတင်းဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

မြေအောက် မီးရထားလမ်းတစ်လျှောက်ရှိ မီးရထား ဘူတာများနှင့် အရေးပေါ်စက်ခန်းများတွင် ထားရှိရန်အတွက် လေရှူ ကိရိယာများ၊ ပေါက်ကွဲမှု အကာပစ္စည်းများ၊ မီးငြိမ်းသတ်ဘူးများ ဝယ်ယူရာတွင် အဆိုပါငွေကြေးကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအတောအတွင်း ခရီးသည်များ အရေးပေါ် ထွက်ပေါက်စင်္ကြံလမ်းများလည်း ပြုလုပ်ပေးထားသည်။ အရေးပေါ် အလင်းပေးစနစ်များလည်း ဖယ်ရှားမှုအဆင်ပြေစေရန် တပ်ဆင်ပေးထားမည် ဖြစ်သည်။

လောလောဆယ်တွင် အမှတ် ၁ နှင့် ၂ မြေအောက် မီးရထားလမ်းများကို သတိပေးစနစ်များ၊ မီးထိန်းချုပ်ရေးစနစ်များ တပ်ဆင်ပေးထားသည်။

မကြာသေးမီက ပေကျင်းသည် မြေအောက်ရထားလမ်း သုံးခု၊ အခြား မီးရထားလမ်းဘူတာ ၇၀ တို့ကို ကွင်းဆင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

မြောက်နှင့်တောင် ဆက်သွယ်ထားသည့် အမှတ် ၄ နှင့် ၅ မြေအောက်ရထားလမ်းများ၊ အရှေ့နှင့် အနောက် မြေအောက် မီးရထားလမ်းတို့ကို တည်ဆောက်ဆဲဖြစ်ပြီး ၂၀၀၈ ခုနှစ်မတိုင်မီ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ယာဉ်မောင်းလိုင်စင် မရှိကြသော နိုင်ငံခြားသားများ ကမ္ဘောဒီးယားမြို့ကြီးနှစ်မြို့၌ ယာဉ်မောင်းနှင်ခွင့်မရှိ

ဖနောင်ပင် ဇန်နဝါရီ ၁၃

ကမ္ဘောဒီးယားနိုင်ငံ၏ ပင်လယ်ကမ်းခြေမြို့တော် သီဟာနူဗီလီကို အန်ကောဝပ် ဘုရားကျောင်းများရှိရာ ဆီအမ်ရစ်မြို့နှင့်အတူ နိုင်ငံတကာဆိုင်ရာ သို့မဟုတ် ပြည်တွင်း ယာဉ်မောင်းလိုင်စင်မရှိသည့် နိုင်ငံခြားသားများအား ယာဉ်မောင်းနှင်ခွင့် ပိတ်ပင်တားမြစ်လိုက်ရာ သီဟာနူဗီလီသည် ဒုတိယမြောက်ဒေသ ဖြစ်လာကြကြောင်း လူထုဆက်သွယ်ရေးက အင်္ဂါနေ့၌ ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ဟစ်ကာဒူဝါမြို့ရှိ ပွဲကျင်းငါးဈေးတွင် ငါးများရောင်းဝယ်လျက်ရှိသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားဧည့်သည်များနှင့် အငှားယာဉ်မောင်းများ လုံခြုံဘေးကင်းစေလိုကြောင်း သီဟာနူဗီလီ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဌာန ညွှန်ကြားရေးမှူး ဆိုချန်ဂါက ပြောကြောင်း ကမ္ဘောဒီးယား ဒေးလီးသတင်းစာက ရေးသားဖော်ပြသည်။

ယာဉ်တိုက်မှုဖြစ်

အချို့သည် လမ်းများကို မသိကြသည့်ပြင် ယခင်ကလည်း မောင်းနှင်ဖူးခြင်း မရှိကြသည့်အတွက် မတော်တဆ ယာဉ်တိုက်ခိုက်မှု ဖြစ်ကြရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အယ်ဂျီးရီးယားနှင့် စပိန်နှစ်နိုင်ငံအကြား ၇၄၇ ကီလိုမီတာရှည်သော ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မည်

အယ်ဂျီးယာ့စ် ဇန်နဝါရီ ၁၄

အယ်ဂျီးရီးယားနှင့် စပိန်တို့သည် နှစ်နိုင်ငံကြားဆက်သွယ်မည့် ၇၄၇ ကီလိုမီတာရှည် ဓာတ်ငွေ့ပိုက်လိုင်းတစ်လိုင်း တည်ဆောက်မည်ဖြစ်ကြောင်း အယ်ဂျီးရီးယားစွမ်းအင်နှင့် သတ္တုဝန်ကြီး ချာကစ်ဘ်ခေလီလ်က အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းရေနံဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၀၇ခုနှစ်တွင် အပြီးတည်ဆောက်က အယ်ဂျီးရီးယားမှ ဓာတ်ငွေ့များ စပိန်သို့ နှစ်စဉ်တစ်ဘီလီယံ ကုဗမီတာပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပိုက်လိုင်း တည်ဆောက်ခြင်းအတွက် ယူရိုသန်း ၆၀၀ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ ရေနံဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရာတွင် ကီလိုမီတာ ၂၀၀ သည် ရေအောက်မှ တည်ဆောက်မည်ဖြစ်ပြီး ဇူလိုင်လတွင် စတင်ရန် ခန့်မှန်းထားသည်။

အသစ်တည်ဆောက်မည့် ရေနံဓာတ်ငွေ့ပိုက်လိုင်းသစ်သည် စပိန်နိုင်ငံ အတွက် ဓာတ်ငွေ့လိုအပ်ချက်ကို အာမခံပေးလိမ့်မည်ဖြစ်ကြောင်း စပိန်စက်မှု စီးပွားရေးဝန်ကြီး ဂျို့စ်မွန်တေလီယာက မှတ်ချက်ပြု ပြောကြားသည်။

တိုးတက်

အယ်ဂျီးရီးယား နိုင်ငံခြားငွေကြေးသည် ယမန်နှစ်က ရေနံနှင့်ဓာတ်ငွေ့ တင်ပို့ခြင်းမှ ၉၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကူမင်း–ကွာလာလမ်ပူ လေကြောင်းလိုင်း ယခုလလယ်တွင် စတင်ပျံသန်းမည်

ကူမင်း ဇန်နဝါရီ ၁၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် ယူနန်ပြည်နယ်မြို့တော် ကူမင်းတို့အကြား အပတ်စဉ် လေကြောင်းဆက်သွယ်မှုကို ယခုလလယ်တွင် ဖွင့်လှစ်ပျံသန်းမည်ဖြစ်ကြောင်း မလေးရှားလေကြောင်းလိုင်း ကုမ္ပဏီလီမိတက်(အမ်အေ)က ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်း၏ ပြောကြားချက်အရ လေကြောင်းလိုင်းသည် ဇန်နဝါရီလလယ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေနေ့များတွင် ကူမင်းနှင့် ကွာလာလမ်ပူတို့အကြား ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အသုံးပြုမည့် လေယာဉ်အမျိုးအစားသည် အဲဘတ်စ် ၃၃၀–၂၂၀ ဖြစ်ပြီး ကမ္ဘာတွင် အကောင်းဆုံး ဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းနှင့် မလေးရှားအကြား ပို၍ဆက်သွယ်မှုများ များပြားလာမည်ဖြစ်ကြောင်း၊ ပင်လယ်ရပ်ခြား ခရီးသွားများလည်း ယူနန်ကဲ့သို့ မလေးရှားကို လာရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

မကြာမီက အမ်အေသည် ကွာလာလမ်ပူမှ ပေကျင်း တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုး၊ ဖူကျင်းပြည်နယ် အရှေ့ပိုင်း စီယာမင်နှင့် စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း ချန်ဒူးမြို့များသို့လည်း လေကြောင်းလိုင်းများ ဖွင့်လှစ်ပျံသန်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အီလက်ထရွန်းနစ် ဆိုင်တစ်ဆိုင်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပန်းနာရောဂါ ထိန်းချုပ်ရန်ပညာရှင်များ လမ်းညွှန်

ဝါရှင်တန် ဇန်နဝါရီ ၁၄

ကိုယ်ဝန်ဆောင်ထားကြသော အမျိုးသမီးများသည် ၎င်းတို့၏ ပန်းနာရောဂါကို ထိန်းချုပ်ထားရန် လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ အသက်ကောင်းစွာ မရှုနိုင်လျှင် မမွေးဖွားရသေးသော ကလေးငယ်လည်း အသက်မရှုနိုင်ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် ဆေးပညာရှင်တို့၏ လမ်းညွှန်ချက်များ၌ ဖော်ပြထားသည်။

လျော့နည်း

ပန်းနာဆေးဝါးများသည် ကလေးဖွံ့ဖြိုးမှုကို ထိခိုက်စေဖွယ်ရှိသော်လည်း ပန်းနာကြောင့် အသက်ရှုသည့် ပြဿနာများထက် အန္တရာယ်ရှိမှုလျော့နည်းကြောင်း လမ်းညွှန်ချက်များထုတ်ပေးသည့် ကျွမ်းကျင်ပညာရှင်များ အဖွဲ့က ပြောကြားသည်။

ပန်းနာရောဂါ ပိုမိုဆိုးရွားဖြစ်မည်ထက် ဆေးဝါးမှီဝဲခြင်းက ပိုမိုစိတ်ချရသည်ဟု အကြံပေးကြောင်း နှလုံး၊ အဆုတ်နှင့်သွေးဌာန ယာယီ ညွှန်ကြားရေးမှူး ဆရာဝန် ဘာဘရာအယ်လ်ဗင်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲ အီရတ်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

မိုဆူးလ် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်နှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စစ်ယာဉ်တန်းတစ်ခုကို လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တိုက်ခိုက်

ယင်းကဲ့သို့ လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ချိန်တွင် အီရတ်ခုခံတိုက်ခိုက်ရေး လက်နက်ကိုင်များက လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

သေဆုံး

ထိုသို့တိုက်ခိုက်ခံရမှုကြောင့် အီရတ်အစောင့်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်းလည်း ယင်းကြေညာချက်တွင် ထပ်မံဖော်ပြထားသည်။

ပြောကြား

အီရတ်တွင် ဇန်နဝါရီ ၃၀ ရက်၌ စတင်ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ မိုဆူးလ်မြို့၌ တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာလျက်ရှိကြောင်းလည်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

(အင်တာနက်)

အီရတ်၌ ရေနံနှင့်လျှပ်စစ်အဆောက်အအုံများ တိုက်ခိုက်ခံရမှု ဝင်ငွေ ဒေါ်လာ ၁၀ ဘီလီယံထိခိုက်နစ်နာဟုဆို

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ၏ ရေနံနှင့်လျှပ်စစ် အခြေခံအဆောက်အအုံများ တိုက်ခိုက်ခံရမှုကြောင့် ဝင်ငွေ ဒေါ်လာ ၁၀ ဘီလီယံထိခိုက်နစ်နာကြောင်း အီရတ်ကြားဖြတ် ဝန်ကြီးချုပ် အီယက်ဒ်အလာဝီက အယ်လ်အီရတ်ကီယာ ရုပ်မြင်သံကြားသို့ ပြောကြားသည်။

အီရတ်နိုင်ငံရှိ ရေနံနှင့် လျှပ်စစ် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်လျက် ထိခိုက်နစ်နာမှုမှာ ယခုထိစုစုပေါင်း ဒေါ်လာ ၁၀ ဘီလီယံကျော်ရှိကြောင်း အလာဝီက အင်္ဂါနေ့၌ ပြောကြားသည်။

ဆုံးရှုံးမှုအချို့မှာ ရေနံသိုလှောင်သည့်ဒေသများသို့ ရေနံများပေးပို့သော ပိုက်လိုင်းများ တိုက်ခိုက်ခြင်းခံရသည့်အပြင် အီရတ်နိုင်ငံသို့ ရေနံတင်သွင်းသည့် ရေနံများကို သယ်ဆောင်သော ရေနံတင်ကားများ တိုက်ခိုက်ခံရခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မာမွတ်အဘတ်စ် ပါလက်စတိုင်းဥက္ကဋ္ဌအဖြစ် ကျမ်းကျိန်မည်

ရာမာလ်လက်ချ် ဇန်နဝါရီ ၁၃

အသစ်ရွေးချယ်တင်မြှောက်လိုက်သည့် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့(ပီအင်န်အေ)ဥက္ကဋ္ဌ မာမွတ်အဘတ်စ်သည် စနေနေ့တွင် ကျမ်းသစ္စာကျိန်ဆိုလိမ့်မည်ဖြစ်ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ပီအင်န်အေဥက္ကဋ္ဌသည် အစိုးရသစ်ဖွဲ့စည်းရန် ဝန်ကြီးချုပ် အာမက်ကျူရိကို တာဝန်ပေးထားသည့်တိုင်အောင် လက်ရှိအစိုးရသည် ၎င်း၏တာဝန်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ဆင်ဟွာသို့ပြောကြားသည်။

ပါလက်စတိုင်း လက်ရှိအစိုးရသည် အစိုးရသစ်ဖွဲ့စည်းရန် ဆွေးနွေးမှုမပြုလုပ်ရသေးဟု လူမှုဝန်ထမ်းဆိုင်ရာဝန်ကြီး အင်သစ်ဆာအယ်ဝါဇီယာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၀၃) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး(ကမ်းလွန်) ဦးမြင့်ငွေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး (ကမ်းလွန်)ဦးမြင့်ငွေးက ဓာတ်ငွေ့ သိုလှောင်ပုံနည်းစနစ်၊ ဖိအားမြှင့်စက်(Compressor)၏ စွမ်းဆောင်ချက်များ၊ ဓာတ်ငွေ့ဖြည့်စက် (Dispenser)၏ ဓာတ်ငွေ့ဖြည့်သွင်းပေးမှုနှင့် ဓာတ်ငွေ့ဖိုး ကျသင့်ငွေ တွက်ချက်ပေးစက်၏ တန်ဖိုးငွေ တွက်ချက်ပေးမှုများကို လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မိုးမခ-ရန်ကုန်-ပဲခူး-ညောင်လေးပင် ခရီးသည်တင် မော်တော်ယာဉ်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတို့မှ ခရီးသည်တင်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်သည် ရန်ကုန်မြို့တွင် စတင်အသုံးပြုမည့် NGV မော်တော်ယာဉ်များအတွက် ပထမဦးဆုံး ဖွင့်လှစ်သည့် အရောင်းဆိုင်ဖြစ်သည်။ အဆိုပါဆိုင်မှ တစ်နေ့လျှင် NGV ကား စီးရေ ၃၀၀ ခန့်ကို CNG ရောင်းချပေးနိုင်မည်ဖြစ်ပြီး တစ်ချိန်တည်းတွင် မော်တော်ယာဉ်လေးစီးကို တစ်ပြိုင်တည်း CNG ဖြည့်တင်းပေးနိုင်မည်ဖြစ်သည်။

ရောင်းချပေးနိုင်မည်

ထို့ပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့၏ ရောင်းဈေးမှာ ဓာတ်ဆီ တစ်ဂါလန်နှင့်အညီ မောင်းနှင်နိုင်မည့် သဘာဝဓာတ်ငွေ့ ၁၆၅ ကုဗပေကို ကျပ် ၁၀၀ ဖြစ်ပြီး ရန်ကုန်မြို့၌ နောက်ထပ် CNG အရောင်းဆိုင်များကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ ရက်က စစ်တွေမြို့သို့ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်ရေးနှင့် ထိုသို့ဆောင်ရွက်ရာတွင်လည်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် ကြပ်မတ်စစ်ဆေးသွားရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးရာ သင်တန်းကျောင်းအုပ်က ကျောင်းသားများ၏ နေထိုင်စားသောက်မှု၊ စာပေသင်ကြားမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက ကျောင်းသားများ အရည်အသွေး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် အောင်ချက်ရာခိုင်နှုန်း တိုးတက်မြင့်မားရေးအတွက် ကျောင်းအုပ်နှင့်နည်းပြများက အနီးကပ်တာဝန်ယူပြီး ကြပ်မတ်ဆောင်ရွက်ရန်မှာကြားပြီး ကျောင်းသားများ၏ နေထိုင်စားသောက်မှုနှင့် အိပ်ဆောင်များကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက်တွင် မောင်တောမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိ၍ သင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ် သင်ကြားနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သင်တန်းကျောင်းအုပ်က အိမ်တွင်းမှုပညာရပ်များ သင်ကြားပေးမှုနှင့် သင်တန်းသူများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ ကျောင်း၏ ဝန်ထမ်းရေးရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသူများ နေထိုင်စားသောက်မှုနှင့်အိပ်ဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စလင်းမြို့နယ်အသင်းနှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၄

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၃၃)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်က ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော ပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဟိုတယ်/ခရီး(စား/ဖျော်) ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့် အသင်းဝင်များ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဒေါက်တာထွန်းဆိုင် ဖုန်း-၆၁၀၈၁၇၊ ၆၆၅၅၇၉၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ၆၈၁၂၃၀၊ ဦးဝင်းလှိုင် ဖုန်း-၅၅၄၈၉၇၊ ၂၄၅၀၉၄၊ ဦးစိန်ဝင်းမော် ဖုန်း-၆၈၃၆၂၃၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၀၁-၂၁၅၉နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်ပေးပို့နိုင်ကြပြီး အစည်းအဝေးသို့ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်း ဓနုဖြူမြို့ ကျုံတနီ အင်ကပ်ကလာကျေးရွာ သာသနာ့လင်းရောင်ခြည်ကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပ မိုးကုတ်ရိပ်သာ ပုပ္ပား(၃)ကျောင်းတွင် မိုးကုတ်နယ်လှည့်ဓမ္မကထိက ရှေဦးဆရာတော် အရှင်နန္ဒာသိရီ (ဓမ္မာစရိယ)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယတိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ကံတင်ဘီးလင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၂)
၁၃:၄၀ ၇။ ကပ်တဲလ်ကြိုးတံတား
၁၃:၅၀ ၈။ **"ခံစားရင်းစံစားပါ"** (ကျော်ရဲအောင်၊ပန်းဖြူ၊ကုသိုလ်) ဒါရိုက်တာ-မြင့်မိုရ်ဆွေ
၁၄:၁၅ ၉။ လေကြောင်းကဏ္ဍ တိုးမြှင့်ဖွင့်လှစ် ကာတတာလေကြောင်းခရီးစဉ်သစ်
၁၄:၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၅ ၁၁။ မင်းလှရေလှောင်တမံ
၁၄:၄၀ ၁၂။ **"မင်းမသိသေးပါဘူးကွ"** (ရှောင်ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊အေးအေးခိုင်) ဒါရိုက်တာ-ဆွေဇင်ထိုက်
၁၄:၄၅ ၁၃။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ **"အသိစိတ်ကလေးအရင်းတည်၍"** (ဖြိုးငွေစိုး၊ထက်ရှား၊ မိုးပြည့်ပြည့်မောင်) ဒါရိုက်တာ-ကြည်စိုး
၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
၁၇:၅၀ ၉။ **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တတိယနေရာလုပွဲ) (မြန်မာနှင့် မလေးရှား)**
၂၀:၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၉)

မြင်းခြံမြို့နယ်လယ်သစ်ကျေးရွာ၌စက်ရေတွင်းဖွင့်

မြင်းခြံ ဇန်နဝါရီ ၁၄

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်ဆောင်ရွက်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ဖြစ်သည့် ကျေးလက်ဒေသ ရေကောင်း ရေသန့်ရရှိရေးအတွက် အလှူရှင် ဗိုလ်မှူးဝင်းချွန်၊ ဇနီး ဒေါ်အမာတင် မိသားစုတို့က လှူဒါန်းသည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက်တွင် မြင်းခြံမြို့နယ် လယ်သစ်ကျေးရွာ၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးတင်ထွေးက အနက်ပေ ၂၀၀ ရှိ သုံးလက်မ စက်ရေတွင်း တူးဖော်မှုနှင့် ရေစုပ်စက်ကွန်ပရက်ဆာ၊ ရေလှောင်ကန် အပါအဝင် ကုန်ကျမှုတန်ဖိုးငွေ ၈၂၈၃၅၅ ကျပ် တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လယ်သစ်ကျေးရွာရှိ ရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးလက်ဒေသ ပညာရည်မြင့်မားရေးနှင့် ကျောင်းဥပဓိ ရုပ်ကောင်းမွန်စေရေးအတွက် လယ်သစ်ကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်းဆောင် ဆောက်လုပ်ရန် မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ထောက်ပံ့လှူဒါန်းငွေကျပ် ၅၀၀၀၀ နှင့် စေတနာရှင် တစ်ဦး၏ လှူဒါန်းငွေကျပ် ၁၀၀၀၀ စုစုပေါင်းငွေကျပ် ၆၀၀၀၀ ကို ကျောင်းဆောက်လုပ်ရေးအကျိုးဆောင် အဖွဲ့ဥက္ကဋ္ဌထံ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးတင်ထွေးက ပေးအပ်လှူဒါန်းသည်။

ရေစတင်ပေးဝေ

ယင်းနောက် လှူဒါန်းသည့် စက်ရေတွင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြအောင်နှင့် အလှူရှင် ဗိုလ်မှူးဝင်းချွန်နှင့်အတူ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကျေးရွာပြည်သူများအား ရေစတင်ပေးဝေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ၁၇၈ စင်းမြောက် စင်းခန်းတံတားဖွင့်လှစ် တံတားကြီးအသုံးပြုပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူ တည်ဆောက် ပြီးစီးသွားသည့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ရှိ စင်းခန်းတံတားဖွင့်ပွဲကို ဇန်နဝါရီ၁၃ ရက် နံနက် ၉နာရီတွင် မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနားလမ်း အဆိုပါ စင်းခန်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တံတားအထူးအဖွဲ့(၁၆)မှ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်အားပေးသည်။

အစီအစဉ်အရ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနား လမ်းမကြီးပေါ်၌ စင်းခန်းတံတားကို ၂၀၀၅ ခုနှစ် နှစ်ဦးတွင် ပထမဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ တာပိန်တံတားကိုလည်း နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဒဘက်ချောင်းတံတား၊ ဗလမင်းထင်တံတား၊ နန့်မြစ်ခ၊ မလိယန်၊ နမ့်ဆန်ယန်၊ မိုးလဲ၊ တနိုင်း၊ ဟိုပင်၊ မိုးကောင်း၊ မိုးညှင်း၊ ကျွန်းတော စသည့် တံတားကြီးများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် စင်းခန်းတံတားသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀ အထက်တံတားကြီးများအနက် ၁၇၈ စင်းမြောက်တံတားဖြစ်သကဲ့သို့ ကချင်ပြည်နယ်အတွက် ၁၂ စင်းမြောက် တံတားကြီးဖြစ်ကြောင်း၊ စင်းခန်းတံတားကြီးကို ၁၅–၂–၂၀၀၃ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်နှင့် ၁၁ လကြာ တည်ဆောက်ခဲ့ကာ ယခုဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စင်းခန်းတံတားကြီး ဖွင့်လှစ်ပေးနိုင်ခြင်းအတွက် ရွှေကူ–ဗန်းမော်လမ်းကြောင်း သာမက မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနားလမ်းအဖြစ်ရောဝတီမြစ်အရှေ့ဘက်ကမ်းတွင် အလျားလိုက် ပြည်ထောင်စုလမ်းမကြီးအသစ်တစ်ခုအဖြစ် အထင်အရှား ထွက်ပေါ်လာခဲ့ကြောင်း၊ ယခုတံတားကြီးကို အသုံးပြု၍ ဒေသတွင်းစီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာအောင် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

အကောင်အထည်ဖော်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးကို အမျိုးသားရေးပန်းတိုင်အဖြစ် ချမှတ်ပြီး စနစ်တကျ အမျိုးသားစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရာ၌ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် အထူးစီမံကိန်းများ ချမှတ်၍ ကဏ္ဍအလိုက် လိုအပ်ချက်များကို လျာထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကလမ်းတံတားကြီးများ တည်ဆောက်ပေးနေခြင်းသည် ပြည်ထောင်စုကြီး တစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု တည်ဆောက်ရေးလုပ်ငန်းများသည် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များ ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဒေသခံပြည်သူများသည် နိုင်ငံတော်၏ စေတနာကို နားလည်သိရှိပြီး စင်းခန်းတံတားကြီး ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် တံတားဖွင့်လှစ်မည့်နေရာသို့ သွားရောက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့က အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းတို့က စင်းခန်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယခုဖွင့်လှစ်သည့် စင်းခန်းတံတားသည် အရှည်ပေ ၄၆၀၊ ယာဉ်သွားလမ်းအကျယ်၂၈ပေနှင့် လူသွားလမ်း အကျယ်တစ်ဖက်လျှင် လေးပေစီ ပါရှိကာ ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ၁၃၀၊ အမြင့်၁၀ပေရှိသည်။ ယင်းတံတားသည် ၁ ဒသမ ၅ မီတာ အချင်းရှိ ဘိုးပိုင်အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် သံကူကွန်ကရစ် တံတားအမျိုးအစား ဖြစ်၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ပြီး ငွေကျပ်သိန်း ၈၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ၁၅ ရက် (စနေနေ့) **(ယနေ့)** မွန်းလွဲ၂နာရီ၌ ကမာရွတ်မြို့နယ် ရေကြောင်းပညာသိပ္ပံရှေ့ရှိ Lion City Restaurant တွင် ကျင်းပမည်ဖြစ်ရာ (၁၉၉၃–၂၀၀၄) ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် တောင်ကြီးမြို့ကန် ရှေ့ ရပ်သံလွင်လမ်းနေ ဒေါ်ကြင်စိန်၏ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၃၁ ရက်တွင် ကျရောက်ခဲ့သော မွေးနေ့အလှူအတွက် ငွေကျပ်တစ်သိန်းကို ဦးမင်းလွင်(အထွေထွေ အတွင်းရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၁၄

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဣန္ဒာသယလမ်း မိသားစုက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ဓမ္မသဘင်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၈ ရက်ညတွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၊ ၁၉ ရက်ညတွင် အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟသ်ာ)၊ ၂၀ ရက်ညတွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)တို့က ညစဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့တုန်းတာကုန်စည်ပြပွဲ – ၂၀၀၅ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာကုန်စည်ပြပွဲ–၂၀၀၅ (Myanmar Tong Tah Trade Fair-2005) ကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က–ပ)**

ဇန်နဝါရီ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်တွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိသော မနီလာဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကလေးက ဆုချီးမြှင့်စဉ်။ (က–ပ)

ပဋ္ဌာန်းတရားတော် သင်တန်းပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ဖွင့်လှစ်ပို့ချမြဲဖြစ်သော ပဋ္ဌာန်းတရားတော် ပစ္စယနိဒ္ဒေသသင်တန်းကို ဇန်နဝါရီ ၁၅ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့်၁၂ နာရီမှ မွန်းလွဲ၂ နာရီအထိ ကမ္ဘာအေးကုန်းမြေ လိုဏ်ဂူ သိမ်တော်ကြီးအနီးရှိ ဝိဇယ မင်္ဂလာ ဓမ္မသဘင်ခန်းမဆောင်၌ ပို့ချသင်ကြားသွားမည်ဖြစ်သည်။

ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို အနက်အဓိပ္ပာယ်အရကောက် သဘောတရားအလုံးစုံ ပါဝင်စေလျက် ဓမ္မဒါန ပို့ချပေးသွားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ တစ်လခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁–၁–၂၀၀၅) ရက်မှ (၂၇–၁–၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

- ၀၈း၀၀ – ဖွင့်ပွဲအခမ်းအနား
- ၁၀း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ
- – ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – ICT Competitions
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – ICT Competitions
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – ICT Competitions
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – Network Game ပြိုင်ပွဲ
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၂း၀၀ – ICT Product Presentation
- ၀၉း၀၀–၁၇း၀၀ – Network Game ပြိုင်ပွဲ
- ၁၃း၀၀–၁၆း၃၀ – ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

- ၀၉း၀၀–၁၇း၀၀ – ICT ပြပွဲ၊ ပြခန်းများ
- ၀၉း၀၀–၁၇း၀၀ – Network Game နောက်ဆုံးပြိုင်ပွဲ
- ၁၃း၀၀–၁၆း၃၀ – ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
- – ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
- – အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(နည်းပညာပြခန်းများကို နံနက်၉နာရီမှ ညနေ၅နာရီအထိအခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

အီလက်ထရွန်းနစ်သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၁၄

အီလက်ထရွန်းနစ် အစိုးရလုပ်ငန်းများသင်တန်း(အချိန်ပိုင်း)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ အီလက်ထရွန်းနစ် အစိုးရလုပ်ငန်းများသင်တန်းမှာ ရက်သတ္တခြောက်ပတ်ကြာ အချိန်ပိုင်း သင်တန်းဖြစ်ပြီး ဝန်ကြီးဌာန ၃၂ ခုမှ အရာရှိသင်တန်းသား ၆၂ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများကိုယ်တိုင် မိမိတို့ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတွင် တာဝန်ရှိ ရောဂါကာကွယ်တားဆီးရေးအတွက် အချင်းချင်းလက်ဆင့်ကမ်းပညာပေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သခွာဇင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသား ကျန်းမာရေး ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သုတေသန စာတမ်းဖတ်ကြားကြမည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်နွယ်သော ဝန်ကြီး ဌာနများနှင့် ပြည်ပနိုင်ငံများမှ သုတေသနစာတမ်းရှင်များ၊ အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်ထားပြုလုပ်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံသည် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ရှိသည့် ဦးစီးဌာနအားလုံးနှင့် သက်ဆိုင်သောညီလာခံဖြစ်ပြီး ဤညီလာခံကိုနှစ်စဉ်ကျင်းပရာတွင် သုတေသန ပြုလုပ်တွေ့ရှိချက်များကို သုတေသီပညာရှင်အချင်းချင်း ဆွေးနွေးဖလှယ်ကြရန်၊ သုတေသနပြုလုပ် တွေ့ရှိချက်များကို အသုံးချမည့်သူများလက်ဝယ်သို့ ရောက်ရှိစေရန်ဆိုသည့် ရည်ရွယ်ချက်များထားရှိပြီး ကျင်းပနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်စေရန် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာတွင် နိုင်ငံသူ နိုင်ငံသား များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတို့သည် အထူးအရေးပါသည့် နေရာတွင်ရှိနေသော အမျိုးသားရေးလိုအပ်ချက်များဖြစ်သည်ဟု ခံယူထားပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသား ရေး ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ် ကြောင်း။

ဟန်ချက်ညီညီဖော်ဆောင်

ယင်းကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသူ နိုင်ငံသားများ ဖြစ်ထွန်းလာ အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယ ကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအဆင့် အတန်းမြှင့်တင်ရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက သုတေသနဆောင်ရွက်ရမည့် ဦးစားပေး ကျန်းမာရေးပြဿနာ ရောဂါခြောက်မျိုးကို လမ်းညွှန်မှုပေးထားပြီး ဖြစ်ကြောင်း၊ ယင်းရောဂါများမှာ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက် ရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများဖြစ်ကြောင်း၊ ဤ ရောဂါများနှင့် ပတ်သက်ပြီး ထက်မြက်ထိရောက်သည့် ရောဂါကုထုံးများ၊ ဆေးဝါးများ သုတေသနပြုလုပ်ဖော်ထုတ်ရာတွင် တိုင်းရင်းဆေးသုတေသနနှင့် ဆက်စပ် လုပ်ဆောင်ရန်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးသုတေသနကို ဆေးသုတေသန ဦးစီးဌာနသုံးခုနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ကသာမက သင်ကြားရေး ဆေးရုံကြီးများမှ သမားတော်ကြီးများကပါ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အရည်အသွေးမြင့်မားရေး

ယခုအခါ Newly Emerging Infections ဟုခေါ်သည့် အသစ်ပေါ် ပေါက်လာသော ကူးစက်မြန်ရောဂါများနှင့် ပတ်သက်ပြီး စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း(Surveillance) ကို စနစ်တကျ ဆောင်ရွက်နေကြရ ကြောင်း၊ မိမိနိုင်ငံတွင် မဖြစ်သေးဘူးဆိုသော်လည်း ကူးလူးဆက်ဆံသွားလာမှု မြန်ဆန်နေသော ဤခေတ်၊ ဤအခါတွင် ဤရောဂါများသည် အချိန်မရွေး မိမိတို့နိုင်ငံကို ရောက်ရှိလာနိုင်ကြောင်း၊ ဤရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြပ် ကြည့်ရှုရာတွင် ဓာတ်ခွဲခန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးလှ ကြောင်း၊ ဓာတ်ခွဲခန်းများနှင့်ဓာတ်ခွဲခန်းပညာရှင်များ၏ အရည်အသွေး အစဉ် တိုးတက်မြင့်မားရေးကို အလေးထားကြရမည်ဖြစ်ကြောင်း။

အသစ်ပေါ်ပေါက်လာသည့် ကူးစက်မြန်ရောဂါများကို တစ်ဖက်တွင် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနေကြရသကဲ့သို့ တစ်ဖက်တွင်လည်း ဤရောဂါများနှင့် နီးနွယ်ဆက်စပ်သည့် ဓာတ်ခွဲခန်း အခြေပြုသုတေသနများကို လုပ်ဆောင်ကြရင်း ကြိုတင်ပြင်ဆင်မှုများ အသင့်ရှိနေကြရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ရောဂါများကို တားဆီးကာကွယ်ရေးအတွက် အထောက်အကူပြု သုတေသနများ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုတိုးတက်စေရေး

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုး တိုးတက်မှုပင်ဖြစ်သဖြင့် ကျေးလက်ပြည်သူများ စီးပွားရေးတိုးတက်မှု၊ ပညာရေး တိုးတက်မှု၊ ကျန်းမာရေးတိုးတက်မှု၊ ရေလုံလောက်စွာ ရရှိမှုနှင့် လမ်းပန်း ဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေမှုတို့ကို ဦးတည်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီးပွားရေး တိုးတက်မှု၊ ပညာရေးတိုးတက်မှုနှင့် ကျန်းမာရေးတိုးတက်မှုတို့သည် အပြန် အလှန် အကျိုးအကြောင်းပြုနေကြသကဲ့သို့ ဤသုံးခုဖြင့် ရေလုံလောက်စွာရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးတို့သည်လည်း ဆက်စပ်နေ ကြကြောင်း။

ဤကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင် ရွက်နေချိန်တွင် ကျေးလက်နေပြည်သူများ ကိုယ်တိုင်က မိမိတို့ဒေသ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုတွင် မိမိကိုယ်တိုင်လည်း တာဝန်ရှိကြောင်း သိမြင်ခံယူကြပြီး ပြည်သူများကိုယ်တိုင် ရောဂါကာကွယ်တားဆီးရေးလုပ် ငန်းများ၊ အချင်းချင်းလက်ဆင့်ကမ်း ပညာပေးလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်လာစေမှုကို ဦးတည်ထားသော Participatory Research Method ဟု ခေါ်သည့် လူထုပါဝင်မှု အခြေပြုသုတေသနအမျိုးအစားများကိုလည်း အောက်ခြေ ဆင်းပြီး လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ဤကဲ့သို့ သုတေသနမျိုးများ လုပ်ဆောင်ရာတွင် ဒေသတွင်း၌ရှိသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သုတေသနများလုပ်ဆောင်

နိုင်ငံတော်၏ အနာဂတ်သည် ယနေ့လူငယ်များ၏ လက်ထဲတွင်ရှိ ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ၏ ကျန်းမာရေးကို အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ဖော်ဆောင်ပေးနေကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူငယ်အများကို ဦးတည်အုပ်စု(Target group)အဖြစ် သတ်မှတ်ပြီး ရောဂါ ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းသည် ရေရှည်အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး နည်းဗျူဟာဖြစ်သည်ဟု ဆိုကြကြောင်း၊ ယနေ့နိုင်ငံနှင့် တစ်ဝန်းတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက လူငယ် ကျန်းမာရေးအကျိုးဆောင်ဟု ခေါ်သောလူငယ်ချင်းပညာပေးသူများ (Peer Educators) လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် ဤနည်းဗျူဟာကို အခြေခံ ခြင်းပင်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်များ ရေရှည်တည်တံ့အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၏ ဘောင်အတွင်း တွင် မည်ကဲ့သို့ ဖော်ဆောင်သင့်သည်ဆိုသည့် အဖြေများဖော်ထုတ်ပေးမည့် သုတေသနများလည်း လုပ်ဆောင်ကြရန်လိုကြောင်း။

သုတေသနဟုပြောလျှင် သုတေသနကျင့်ဝတ်ဆိုသည့် Research Ethics ကို ချန်ထား၍မဖြစ်ကြောင်း၊ ဤသုတေသနကျင့်ဝတ်များကို အလေး အနက်ထားလိုက်နာကြရန်၊ သုတေသနမလုပ်ဆောင်မီ သုတေသန ကျင့်ဝတ် ကင်းရှင်းချက်များ ရယူကြရန်၊ သုတေသနကျင့်ဝတ်ကော်မတီများကိုလည်း စနစ်တကျ ပီပီပြင်ပြင် ဖွဲ့စည်းထားပြီး စနစ်တကျ စိစစ်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

ယခုအခါ နိုင်ငံတော်နှင့် တိုင်းရင်းသားများ၏ ရေရှည်အကျိုးစီးပွားဖြစ် ထွန်းစေရန်အတွက် အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမို ကရေစီနိုင်ငံတော်ကြီးဖြစ်သည့် အမျိုးသားရေးပန်းတိုင်ကို ချီတက်လျက်ရှိနေ ကြောင်း၊ ဤကဲ့သို့ ချီတက်ရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် စသည့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းပြီး အမျိုးသားရေး လမ်းကြောင်းပေါ်တွင် မိမိတို့ တတ်သိထားသော အတတ်ပညာများဖြင့် တည့်တည့်မတ်မတ် ပါဝင်ချီတက်ကြပါဟု တိုက်တွန်းပြောကြားပြီး ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်တွင်း ပြည်ပမှ သုတေသနစာတမ်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သုတေသနတွေ့ရှိချက်များတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် ပြသထားသော ကျန်းမာရေးသုတေသနဆိုင်ရာ ပိုစတာများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ သုတေသီများက သုတေသန ပြုလုပ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညီလာခံတွင် ခင်းကျင်းပြသထားသော ပုဂ္ဂလိက ဆေးဝါးနှင့်ဆေးပစ္စည်း ကုမ္ပဏီလီမိတက်များ၏ ဆေးဝါးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၀၄ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်နွယ်နေသော ဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပတို့မှ သုတေသနပညာရှင်များက ကျန်းမာရေး သုတေသန စာတမ်းအစောင် ၇၀ ကို ဖတ်ကြားကြမည်ဖြစ်ပြီး ယင်းညီလာခံကို ဇန်နဝါရီ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၃ ရက်က ကျင်းပသော တာမွေမြို့နယ် အမှတ်(၇)အခြေခံ ပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်၌ စတုတ္ထတန်း ထူးချွန် ဆုရ မအေမီမီကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အစိုးရနှင့်လက်တွဲပြီး ဝိုင်းဝန်းကူညီ မိခင်/ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏လှုပ်ရှားဆောင်ရွက်မှု စနစ်တကျဖြစ်ရန်လို

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံအမှာစကား ပြောကြားခြင်းအခမ်းအနားကို ဇန်နဝါရီ၁၁ ရက် မွန်းလွဲ၂နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမဆောင်ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များ၊ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရှင်းလင်း

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် စနစ်တကျဖွဲ့စည်းထားသည့် လူမှုရေး အသင်းအဖွဲ့တစ်ခု ဖြစ်ကြောင်း၊ အသင်း၏ရည်ရွယ်ချက်များအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို တိတိကျကျသိရှိနားလည်သဘောပေါက်ပြီး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်ကြရန် ယခုကဲ့သို့ တွေ့ဆုံရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂)ရပ်ချမှတ်၍ နေ့မအားညမနားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်ကို ကြိုးပမ်းတည်ဆောက်ရင်း တစ်ဖက်ကလည်းစည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်၍ တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဝိုင်းဝန်းကူညီ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံတော်အတွင်းရှိ မိခင်များ၊ ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီစောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် အသင်းဝင်များအားလုံး၏ လှုပ်ရှားဆောင်ရွက်မှုများသည် နည်းလမ်းမှန်ကန်၍ စည်းကမ်းတကျ၊ စနစ်တကျဖြစ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခု တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် အသင်းဆိုင်ရာလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်သူများဖြစ်သည့်အတွက် အသင်း၏ လုပ်ငန်းစဉ်များကို မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် ဒေသတွင်းရှိ အသင်းဝင်များအား သိရှိစေရန် တွေ့ဆုံရှင်းလင်းပြောကြားသွားကြရန်လိုကြောင်း။

မေတ္တာထားဆောင်ရွက်

အသင်း၏လှုပ်ရှားဆောင်ရွက်မှုများသည် ပြည်သူများအတွက်၊ မိခင်နှင့်ကလေးများအတွက် ကူညီစောင့်ရှောက်မှုများပေးနေခြင်းဖြစ်ကြောင်းကို အများလက်ခံ ယုံကြည်အောင် စေတနာမေတ္တာထားပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ ယုံကြည်ချက်စာတမ်းအတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိသည့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုပေးခြင်းဖြင့် မိသားစုများ၏ဘဝ အဆင့်အတန်း မြင့်မားလာစေရန် စေတနာထားပြီး စည်းလုံးညီညွတ်စွာ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်း၏ ဖွဲ့စည်းပုံနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ထို့နောက်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မွန်ပြည်နယ်အတွင်းရှိ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသော ဆေးနှင့် ဆေးပစ္စည်းများ၊ ဗလာစာအုပ်နှင့် ခဲတံများ၊ အိမ်တွင်းမှုသင်တန်းအထောက်အကူပြုစာအုပ်များနှင့် စက်ဘီး၁၀စီးတို့ကို ပေးအပ်ရာ မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား အစုအဖွဲ့လိုက်တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းနှင့် မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးသစ်သို့သွားရောက်ကြည့်ရှုပြီးနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒေါ်နရိပ်သာခန်းမ၌ ပြည်နယ်၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မွန်ပြည်နယ် အတွင်းရှိ မြို့နယ်၁၀ မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများအား တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အသင်းဝင်များတွေ့ဆုံ

ဇန်နဝါရီ၁၂ရက် နံနက်ဂနာရီခွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အသင်းများမှ တာဝန်ရှိသူများနှင့် အသင်းဝင်များအားတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဒေါ်ထွေးထွေးညွှန့်က အသင်း၏ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သဇင်နွယ်က အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်း ကောင်း အသီးသီး ရှင်းလင်းတင်ပြကြ သည်။

လက်ခံယူ

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)မှ လှူဒါန်းသော ဆေးနှင့် ဆေးပစ္စည်းများ၊ ဗလာစာအုပ်နှင့် ခဲတံများ၊ အိမ်တွင်းမှုသင်တန်း အထောက်အကူပြုစာအုပ်များနှင့် စက်ဘီး ရှစ်စီးတို့ကို ပေးအပ်ရာ ကရင်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလှက လက်ခံရယူသည်။

(သတင်းစဉ်)

လှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄) ကင်းဝန်မင်းကြီးလမ်းရှိ မဟာသီဟနာဒတိုက်၏ တတိယအကြိမ်မြောက် အပ္ပဋိဝတ္တိယ စာပြန်ပွဲနှင့် မဟာအဘိတနာဒ ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ၉ ရက်က အဆိုပါကျောင်း၌ကျင်းပရာ ပထမကြီး အောင်မြင်တော်မူသော ရှင်အဂ္ဂဓမ္မအား ဦးရွှေတင်-ဒေါ်ခင်သန်းဆွေ မိသားစုက လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (၁၈၀)

ကမ္ဘာ့နိုင်ငံပေါင်း ၆၄နိုင်ငံ၌ သဘာဝဓာတ်ငွေ့သုံးယာဉ်ပေါင်း ၃၅ သိန်းကျော် တပ်ဆင်သုံးစွဲလျက်ရှိ ၂၀၀၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ ယာဉ် ၅၂၀၀ကို သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ် ပြောင်းလဲဆောင်ရွက်မည် CNGသုံးယာဉ်များပြောင်းလဲခြင်းအတွက် လေထုညစ်ညမ်းမှုမရှိသည့်အပြင် ကုန်ကျစရိတ်သက်သာ

ရန်ကုန် ဇန်နဝါရီ ၁၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့(CNG)ဆိုင် တိုးတက်တည်ဆောက်မှု ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အရှိန်မပျက်ဆောင်ရွက်

ညှိနှိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရှင်းလင်းဆွေးနွေးရာတွင် သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်ပြောင်းလဲမှုနှင့် သဘာဝဓာတ်ငွေ့ (CNG) ဆိုင် တိုးတက်တည်ဆောက်မှုတို့ကို အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ (CNG)သုံးမော်တော်ယာဉ်ပြောင်းလဲမှုနှင့်သဘာဝဓာတ်ငွေ့(CNG)ဆိုင် တိုးတက် တည်ဆောက်မှုတို့ကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်သုံးစွဲမှုကို ကမ္ဘာ့နိုင်ငံပေါင်း ၆၄ နိုင်ငံ၌ အသုံးပြုလျက်ရှိပြီး မော်တော်ယာဉ်ပေါင်း ၃၅ သိန်းကျော်တွင် တပ်ဆင်သုံးစွဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ထော်လာဂျီ အပါအဝင် ဓာတ်ဆီနှင့် ဒီဇယ်သုံး ယာဉ်ပေါင်း ၉၄၀၀၀၀ကျော်ရှိပြီး ရန်ကုန်တိုင်းအနေဖြင့် တစ်နိုင်ငံလုံး၏ ယာဉ်စီးရေ ၅၆ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ယာဉ်စီးရေ ၅၂၀၀ကို သဘာဝဓာတ်ငွေ့သုံးယာဉ် အဖြစ် ပြောင်းလဲသုံးစွဲရေးအတွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တစ်ဖက်က သဘာဝဓာတ်ငွေ့သုံးယာဉ်များအဖြစ်ပြောင်းလဲရေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း တီထွင်စမ်းသပ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များကို ဓာတ်ဆီနှင့် ဒီဇယ်သုံးယာဉ်မှ သဘာဝဓာတ်ငွေ့ (CNG)သုံးယာဉ်များအဖြစ် ပြောင်းလဲမှုကြောင့် လေထုညစ်ညမ်းမှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ဓာတ်ဆီနှင့်ဒီဇယ်ဆီမှာ တဖြည်းဖြည်းစရိတ်ကြီးမြင့်လာပြီး နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုး သဘောဖြစ်လျက်ရှိရာ သဘာဝဓာတ်ငွေ့မှာ မိမိတို့ပြည်တွင်း၌ပင် လုံလုံလောက်လောက်ထုတ်ယူသုံးစွဲနိုင်ပြီဖြစ်သဖြင့် သဘာဝဓာတ်ငွေ့ (CNG)သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲမှုမှာ အချိန်အခါနှင့် အနေအထားအရ လုပ်ဆောင်ရမည့်အနေအထားဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ပြောင်းလဲအသုံးပြုခြင်းကြောင့် ရရှိမည့် အကျိုးကျေးဇူးများ၊ သဘာဝဓာတ်ငွေ့ သုံးမော်တော်ယာဉ်များသည် ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး မော်တော်ယာဉ်များထက် မတော်တဆ ဘေးအန္တရာယ်နည်းပါးမှု၊ ကုန်ကျစရိတ် သက်သာမှု၊ အင်ဂျင် တာရှည်သုံးစွဲနိုင်မှု စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံးယာဉ်များကို သဘာဝဓာတ်ငွေ့(CNG)သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသုံးစွဲမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး (ကမ်းလွန်) ဦးမြင့်ဋ္ဌေးက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များနှင့်သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ တိုးတက်တည်ဆောက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မိမိတို့အနေဖြင့် သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်များ၌ တပ်ဆင်သုံးစွဲရန် နည်းပညာကို ၁၉၈၆ခုနှစ်ကပင် ရရှိခဲ့ကြောင်း၊ ချောက်၊ ရေနံချောင်းနှင့် သမိုင်း၊ အင်းစိန်တို့တွင် ဓာတ်ငွေ့ အရောင်းဆိုင်များ စမ်းသပ်ဖွင့်လှစ် အသုံးပြုခဲ့ကြောင်း၊ ယခုအခါ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းမှာ တဖြည်းဖြည်းမြင့်တက်လာလျက်ရှိကြောင်း၊ ဆီဈေးနှုန်း မြင့်တက်မှုကြောင့် နိုင်ငံတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်လာကြောင်း။

မိမိတို့နိုင်ငံတွင် သုံးမကုန်သည့် သဘာဝဓာတ်ငွေ့များ ထွက်ရှိလျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့အရောင်းဆိုင်တစ်ဆိုင်လျှင် စက်ကိရိယာပိုင်း အနေဖြင့် ဒေါ်လာငါးသိန်းခွဲခန့် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံရကြောင်း၊ စက်သုံးဆီဈေးနှုန်း မြင့်တက်လာမှုကြောင့် ၁၉၈၆ခုနှစ်ကရရှိထားသော နည်းပညာကို ယခုပြန်လည် အကောင်အထည်ဖော်ပြီး ပလိပ်မြို့၌ စတင်စမ်းသပ်သုံးစွဲခဲ့ရာ ခရီးသည်များလည်း ဈေးနှုန်းတစ်ဝက်သက်သာပြီး ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း အကျိုးရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း။

ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဓာတ်ငွေ့အိုးများ ထုတ်လုပ်မည်ဆိုပါက စွမ်းအင်ဝန်ကြီးဌာန၏ သုံးစွဲခွင့်ပြုချက် ရရှိမှသာ ထုတ်လုပ်သုံးစွဲခွင့်ရှိမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၄နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြသ

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် မရမ်းကုန်းမြို့နယ် အင်းလျားကန်ဟိုတယ်လမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကြပြီး အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်စက် အစိတ်အပိုင်းများနှင့် (CNG) သဘာဝဓာတ်ငွေ့သုံး Model 4D 32 အင်ဂျင်နှင့် မော်တော်ယာဉ်များကို ကြည့်ရှုလေ့လာကြရာ အမှတ်(၁)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံမှ အထွေထွေမန်နေဂျာ ဦးလှိုင်သိန်းက ရှင်းလင်းပြသသည်။

(အပေါ်ပုံ)

(သတင်းစဉ်)

စက်ချုပ်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းအမှတ်စဉ် (၃၆) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါ အဆောက်အအုံဘက်စုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းသွားရေး

မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်နေတဲ့ မြန်မာနိုင်ငံတွင် ပဓာနအကျဆုံး ပကတိ လိုအပ်ချက်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတာဝန်ကို အမျိုးသားညီလာခံကြီး ကျင်းပပြီး ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

ဘယ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမဆို မိမိတို့လူမှုဘဝနဲ့ကင်းပြီး မပြဋ္ဌာန်းနိုင်ပါ။ ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ လူမှုစနစ်သစ်တစ်ရပ် ချက်ချင်း ဖြစ်ပေါ်မလာနိုင်လို့ပါပဲ။ အဲဒီလိုသာ လူမှုစနစ်သစ်တွေကို ဥပဒေပြဋ္ဌာန်းရုံနဲ့ ထူထောင်နိုင်တယ်ဆိုရင် စီးပွားရေးကုန်လုပ်စွမ်းအားစုတွေ ခေတ်မီဖွံ့ဖြိုး တိုးတက်အောင်၊ လူနေမှုဘဝအဆင့်အတန်းတွေ မြင့်မားတိုးတက်လာအောင် ဘယ်နိုင်ငံမှာမှ ကြိုးပမ်းစရာလိုမယ်မဟုတ်ပါ။

နိုင်ငံရေးဆိုတာ လူမှုသိပ္ပံဖြစ်ပါတယ်။ ကျပန်းစကားပြောသလိုအနိုင်ရရင် ပြီးရောဆိုပြီး ပြောဆိုကျင့်သုံးလို့မရနိုင်ပါ။ သိပ္ပံပညာရှင်တွေဟာ မဖောက်မပြန် မှန်ကန်တဲ့ သဘာဝတရားတွေကို ရှာဖွေတွေ့ရှိတဲ့အခါတိုင်း လူများစုနားလည်သဘောပေါက်လာအောင် အချိန်စောင့်ရလေ့ ရှိပါတယ်။ လူမှုသိပ္ပံဖြစ်တဲ့ နိုင်ငံရေးမှာလဲ အဲဒီလိုပါပဲ။ တရားသစ်(ဝါ) လမ်းစဉ်သစ်တစ်ရပ်ကို ပြည်သူတွေ လိုက်နာကျင့်သုံးနိုင်အောင် ဘယ်အထိအချိန်ယူကြိုးပမ်းသွားရမလဲဆိုတဲ့ အချက်ကို အလေးအနက်ထားရပါတယ်။ ခေတ်သစ်၊ စနစ်သစ်တစ်ရပ်ကို ထူထောင်တိုင်း အခြေခံစီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုနဲ့အတူသာအပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေရေး၊ ယဉ်ကျေးမှုအသိပညာ စတာတွေဟာ အနေးနဲ့ အမြန် လိုက်ပါပြောင်းလဲ တိုးတက်လာလေ့ ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာလဲ မိမိတို့လူ့အဖွဲ့အစည်းရဲ့၊ အခြေခံလူမှုဘဝတွေရဲ့ ပြောင်းလဲတိုးတက်မှုနဲ့အတူသာ ပြောင်းလဲတိုးတက်လာခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလဲ မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး စတဲ့ မူဝါဒလမ်းစဉ်များကို ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟတည်းဟူသော အဂတိတရားလေးပါးကင်းစွာနဲ့ ရေးဆွဲအတည်ပြုပြဋ္ဌာန်းသွားဖို့ လိုအပ်ပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေရဲ့ လက်ယာ လက်ဝဲဆန္ဒစွဲ အစွန်းရောက်မှုများနဲ့ အားနည်းချက်၊ အားသာချက်များအပေါ် သင်ခန်းစာယူဖို့ ဖြစ်ပါတယ်။ **အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားတဲ့ အခြေခံမူ ၁၀၄ချက်ဟာ ယခင်ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ သမိုင်းအတွေ့အကြုံများ၊ နိုင်ငံတကာ အတွေ့အကြုံများအပေါ် လေးနက်စွာ သင်ခန်းစာယူပြီး ပကတိ မြန်မာ့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ရေးဆွဲချမှတ်ခဲ့တာ ဖြစ်ပါတယ်။**

> အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားတဲ့ အခြေခံမူ ၁၀၄ ချက်ဟာ ယခင်ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ သမိုင်းအတွေ့အကြုံများ၊ နိုင်ငံတကာ အတွေ့အကြုံများအပေါ် လေးနက်စွာ သင်ခန်းစာယူပြီး ပကတိ မြန်မာ့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ရေးဆွဲချမှတ်ခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုပြဋ္ဌာန်းသွားနိုင်ဖို့အတွက် ဒီကနေ့တိုင်အောင် နှောင့်နှေးကြန့်ကြာလာခဲ့ရတဲ့အကြောင်းရင်းဟာ ၁၉၈၈ခုနှစ်ကပင် မြစ်ဖျားခံလာခဲ့တယ်လို့ ဆိုရပါမယ်။ အဲဒီတုန်းက ၁၉၈၈ခုနှစ် အရေးအခင်းမှာပါဝင်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေရဲ့ တောင်းဆိုချက်ဟာ ကြားဖြတ်အစိုးရဖြစ်ပါတယ်။ ဒါဟာ တည်ဆဲလမ်းစဉ်ပါတီ အစိုးရကို ဖယ်ရှားရေး လမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင် အစိုးရက ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပပေးဖို့ အဆိုပြုခဲ့ပါတယ်။ အဲဒီ ကွဲလွဲမှုကြောင့် လမ်းစဉ်ပါတီအစိုးရနဲ့ ၁၉၈၈အရေးအခင်းမှာ ပါဝင်လှုပ်ရှားတဲ့အဖွဲ့အစည်းတွေ ထိပ်တိုက်ရင်ဆိုင်ဖြစ်လာခဲ့တယ်။ အဲဒီတုန်းက အရေးအခင်းမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေအဖို့ သပိတ်ကို အရှိန်တိုးမြှင့်ဆောင်ရွက်သွားမှာလား၊ အစိုးရနဲ့ စေ့စပ်ရေးလမ်းကို ရွေးမလားဆိုတာကို ပြတ်သားစွာ မဆုံးဖြတ်နိုင်ခဲ့ပါဘူး။ သပိတ်ကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်လို့ မရခဲ့ပါဘူး။ အစိုးရနဲ့ စေ့စပ်ရေးလမ်းကို လက်ခံလိုက်ရင်လဲ စေ့စပ်ရေးသမား၊ အချောင်သမားလို့ သတ်မှတ်ခံရမှာ စိုးရိမ်ခဲ့ကြပါတယ်။ အဲဒီလို မပြတ်မသားတဲ့လုပ်ရပ်နဲ့ လမ်းကြောင်းမှန်ကို သုံးသပ်ချက်မှန်မှန်နဲ့ မရွေးချယ်နိုင်ခဲ့လို့ ၁၉၈၈ အရေးအခင်းဟာ အထိန်းအကျောင်းမဲ့၊ မင်းမဲ့စရိုက်ဆိုးတွေ လွှမ်းမိုးလာခဲ့ပြီး ပြည်သူတွေကို ကျီးလန့်စာစားဘဝအထိ တွန်းပို့ခဲ့ပါတယ်။ နောက်ဆုံး နိုင်ငံတော် အန္တရာယ်ကြုံရမယ့် အခြေအနေ ရောက်လာတဲ့အတွက် တပ်မတော်အစိုးရ ပေါ်လာရပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းထူထောင် လာခဲ့ရတာ ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ဦးတည်ကြိုးပမ်းလာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးနဲ့ ဒီမိုကရေစီရေးကို ရှေးရှုပြီး ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါတယ်။ အဲဒီရွေးကောက်ပွဲမှာ အများစုအရွေးချယ်ခံရတဲ့ ပါတီတွေဟာ တည်ဆဲ တပ်မတော်အစိုးရနဲ့ ပူးပေါင်းပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး လမ်းကိုသာ မှန်မှန်ကန်ကန် ရွေးချယ်ရမယ့်အစား အဲဒီလမ်းကို ဆန့်ကျင်ပြီး မစေ့စပ်ရေး၊ ချက်ချင်းအာဏာလွှဲရေးလမ်းကို လွဲမှားစွာ ရွေးချယ်ခဲ့ပြန်ပါတယ်။ ရွေးချယ်ခံနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေဟာ တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းကြောင်းကိုပဲ လွဲမှားစွာ ရွေးချယ်ခဲ့ပြန်ပါတယ်။

အောင်မိုးခံ

ဒီအပေါ်အကြောင်းပြုပြီး ဒီယုန်မြင်လို့ ဒီချုံထွင်ထားတဲ့ ပြည်ပကသွေးထိုးမှု၊ တစ်ဖက်စောင်းနင်း အားပေးထောက်ခံမှုနဲ့ တည်ဆဲအစိုးရအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူတဲ့ ဖိအားပေးမှုပယောဂတွေ ဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းလာခဲ့တဲ့ တပ်မတော်အစိုးရဟာ မူလကတည်းက သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း မိမိတို့အမျိုးသားအင်အားစုချင်း ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးကို မသွေဖည်ဘဲ ၁၉၉၃ ခုနှစ်မှာ အမျိုးသားညီလာခံကြီးကို မဖြစ်မနေကျင်းပပေးခဲ့ပါတယ်။

ဒီညီလာခံကြီးကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားခံရသော ပုဂ္ဂိုလ်များ စိတ်တူကိုယ်တူ တက်ရောက်ခဲ့ကြပါတယ်။ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အားလုံးတက်ရောက်ခဲ့ကြပါတယ်။ ဒီအမျိုးသားညီလာခံကြီးမှာ အားလုံး တညီတညွတ်တည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံမူကြီး ၁၀၄ ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။

အဲဒီလို အခြေအနေတွေ၊ အလားအလာတွေကောင်းနေချိန်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်းအောလ်ဘရိုက် ရောက်လာပြီး ဒေါ်စုကြည်နဲ့ တွေ့ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ NLDဟာ မူလသဘောထားကို ပြောင်းပစ်လိုက်ပြီး အမျိုးသားညီလာခံဟာ အတုအယောင်သာဖြစ်တယ်ဆိုတဲ့ မခိုင်မာတဲ့ အကြောင်းပြချက်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်တွေ ညီလာခံကြီးကို သပိတ်မှောက် ကျောခိုင်းထွက်ခွာသွားခဲ့ကြတာ ဖြစ်ပါတယ်။ **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အဲဒီလိုအမျိုးသားညီလာခံကြီးက ထွက်ခွာပြီးနောက်ပိုင်းမှာ အခြားအကျိုးထူးတဲ့ နည်းလမ်းတစ်ခုကို အစားထိုးနိုင်မလားလို့ စဉ်းစားဖွယ်ရာဖြစ်ပေမယ့် အမျိုးသားညီလာခံကြီးက နုတ်ထွက်ခဲ့တာသာ အဖတ်တင်ပြီး ဘာတစ်ခုမျှ အကျိုးမထူးခဲ့ပါဘူး။** အဲဒီကတည်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးချယ်ရမယ့် အမှန်ကန်ဆုံးသော လမ်းစဉ်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တပ်မတော်အစိုးရနဲ့ ညှိနှိုင်းရေးဆွဲရေး လမ်းစဉ်သာဖြစ်တယ်။ အပြန်အလှန်ယုံကြည်မှု တည်ဆောက်သွားရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး လမ်းစဉ်သာ ဖြစ်ပါတယ်။

ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုရေးကို လျစ်လျူရှုပြီး မိမိတို့ဘာသာ လွှတ်တော်ခေါ်ယူရေး လမ်းမှားကို ရွေးချယ်ခဲ့ပါတယ်။ ဒီလမ်းဟာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေရတဲ့ အစိုးရနဲ့ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းဖြစ်တယ်လို့ အကျိုးအကြောင်း ဝေဖန်ထောက်ပြခဲ့တဲ့ အရွေးချယ်ခံ ကိုယ်စားလှယ်ခြောက်ဦးကိုလဲ NLDအဖွဲ့ချုပ်ကနေ ထုတ်ပယ်ပစ်ခဲ့ပါတယ်။ ဒီအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အယူအဆကွဲလွဲခွင့်ရှိရမယ့် ပါတီတွင်း ဒီမိုကရေစီကို ပိတ်ပင်လာတယ်ဆိုပြီး ပြည်ပသတင်းဌာနတွေကပါ ဝေဖန်လာခဲ့ပါတယ်။ သဘောထားပျော့ပျောင်းတဲ့ အရွေးချယ်ခံကိုယ်စားလှယ် အချို့ကလဲ အဲဒီလို ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ကို မယုံကြည်၊ လက်မခံဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နုတ်ထွက်ခဲ့ကြပါတယ်။

အဲဒီလို တည်ဆဲအစိုးရအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင့်သုံးခဲ့တဲ့ အဆိုးမြင်လမ်းစဉ်အပေါ် ၂၀၀၂ခုနှစ် မေလ ၇ ရက်နေ့ စင်ကာပူနိုင်ငံထုတ် စထရိတ်တိုင်းသတင်းစာ အယ်ဒီတာ့အာဘော်ခန်းမှာ အခုလို ရေးသားခဲ့ပါတယ်–

“ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သူမ(ဒေါ်အောင်ဆန်းစုကြည်)ဟာ တည်ဆဲ တပ်မတော်ခေါင်းဆောင်များနဲ့ နိုင်ငံထူထောင်ရေးမှာ စုပေါင်းလုံ့လပြုသင့်တယ်။ (Like it or not She should seek common ground with the ruling troika) တပ်မတော်အစိုးရဟာ အနာဂတ်တွင် ဒီမိုကရေစီကျတဲ့ ရွေးကောက်ပွဲတွေ ကျင်းပပြီး လူထုဆန္ဒကို လိုက်လျောလာနိုင်ပါတယ်။ တစ်ဖက်တွင် NLD နဲ့ တပ်မတော် ခေါင်းဆောင်များဟာ အလုပ်သဘော ပူးပေါင်းဆောင်ရွက်တဲ့ နည်းလမ်းလဲ ရှိပါတယ်။ မည်သည့် အလားအလာသို့ ရှေးရှုသည်ဖြစ်စေ ဒေါ်စုနဲ့ NLD အဖို့ တပ်မတော်ကို ရန်သူအဖြစ် သဘောထားမည့်အစား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့်သာ တက်လှမ်းသွားသင့်ပါတယ်။ ပေါ်ထွန်းနေသော အခြေအနေများအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အစဉ်အလာဟောင်းမှ ခွဲထွက်၍ လမ်းသစ်လျှောက်လှမ်းဖို့ ပြင်ဆင်နေတာ တွေ့ရပါတယ်။ အဆိုပါ ကြိုးပမ်းမှုဖြစ်စဉ်မှာ ဒေါ်စုလဲ ပါဝင်ဆင်နွှဲသင့်ပါတယ်။”

ဒါပေမယ့် တပ်မတော်အစိုးရဟာ စုပေါင်းလုံ့လပြုမှုကို ဘယ်သောအခါကမျှ ဥပက္ခာမပြုခဲ့ပါ။ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားဖို့ အချိန်ကျရောက်လာပြန်တဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က လက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးသို့ ပြန်လည်တက်ရောက်ဖို့ နိုင်ငံတော်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ဥပဒေတွင်း နိုင်ငံရေးပါတီ အဖွဲ့အစည်းများကို ပြန်လည်ဖိတ်ခေါ် ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နိုင်ငံရေးပါတီအချို့ဟာ မူဝါဒမပြောင်းလဲဘဲ တရားသေအစွဲနဲ့ အမျိုးသားညီလာခံကို ဆက်လက်ဆန့်ကျင်ကျောခိုင်းခဲ့ပါတယ်။ တရားဥပဒေနဲ့အညီမဟုတ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အမည်တပ်ပြီး ထိပ်တိုက်ရင်ဆိုင် ရပ်တည်ခဲ့ပြန်ပါတယ်။ အနောက်ဥရောပဒီမိုကရေစီကို ချက်ချင်း ပုံတူကူးကျင့်သုံးဖို့ ပကတိလူမှုဘဝနဲ့ ကင်းမဲ့စွာ တောင်းဆိုခဲ့ပြန်ပါတယ်။

တည်ဆဲတပ်မတော်အစိုးရဟာ NLDနဲ့ အပေါင်းပါတွေ ကဖျက်ယဖျက်လုပ်နေတဲ့ကြားက အမျိုးသားသင့်မြတ်စည်းလုံးရေးကို စိတ်ရှည်လက်ရှည်နဲ့ သဘောထားကြီးကြီးထားပြီး မဆုတ်မနစ်ကြိုးပမ်းတည်ဆောက်နေရတာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပကတိဘဝ လိုအပ်ချက်ဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ မဖြစ်မနေ ရေးဆွဲအတည်ပြုသွားရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အတိတ်က ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ ပါရှိခဲ့တဲ့ ဆန္ဒစွဲမျှော်မှန်းချက် သက်သက်ဖြင့် ရေးဆွဲပြဋ္ဌာန်းမှုများကို ရှောင်ရှားပြီး မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုညှိနှိုင်းရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ အတည်ပြုပြဋ္ဌာန်းသွားရေးကို ရှေးရှုပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဇန်နဝါရီ၁၁ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို အဆိုပါရုံး ရုပ်မြင်သံကြားခန်းမတွင် ပြုလုပ်ရာ တိုင်းဦးစီးလက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်မြင့်က အဖွင့်အမှာစကားပြောကြားစဉ်။(မြို့နယ်ပြန်/ဆက်)

ဒီဇင်ဘာ ၂၁ ရက် က သာကေတမြို့ အမက (၄၁) ကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ပထမတန်းမှ မောင်စည်သူဟိန်း၏ မွေးနေ့ အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့် လက်ခံရယူစဉ်။ (က-ပ)

❐ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို ကိုယ်စား ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကြာနီကန်အုပ်စု၌ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်မီးပေးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ကျေးရွာနေပြည်သူများ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီး လူနေမှု အဆင့်မြင့်မားလာမှု အခြေအနေများကို ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က ရှင်းလင်းတင်ပြပြီး ကြာနီကန်အုပ်စု ကျေးရွာသားများကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးမောင်ညွန့်က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ် ကြာနီကန် ဖွံ့ဖြိုးရေး ကျေးရွာစာကြည့်တိုက်၊ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်နှင့် ကျေးရွာတယ်လီဖုန်း ဆက်သွယ်ရေးစခန်းတို့ကို ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တာဝန်ရှိသူအသီးသီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် တာဝန်ရှိသူများသည် စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးစခန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်ဓာတ်အားပေးစက်နှင့် စပ်လျဉ်း၍ မြန်မာ့တီထွင်သူများ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးစိုးတင့်အောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ **(အောက်ပုံ)**

ကြာနီကန်အုပ်စု စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်မှာ မြန်မာ့တီထွင်သူများ သမဝါယမအသင်းက တီထွင်တည်ဆောက်ပေးခြင်းဖြစ်ပြီး လျှပ်စစ်မီးပေးရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဘက်ထရီအားသွင်းလုပ်ငန်းနှင့် ဗီဒီယိုပြသခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ပြီး အိမ်ခြေ ၄၀၀၊ တီဗွီအလုံး ၁၀၀၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၊ တွဲဖက်အထကနှင့် မူလတန်းကျောင်း လေးကျောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကြာနီကန်ဖွံ့ဖြိုးရေးစာကြည့်တိုက်၊ တယ်လီဖုန်းဆက်သွယ်ရေးစခန်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် လမ်းမီးများ ထွန်းလင်းပေးထားသည်။

ဒီဇယ်ဆီသက်သာ

ကျေးရွာလျှပ်စစ်မီးပေးရေးကို နေ့စဉ် ညနေ ၆နာရီမှ ၁၁နာရီအထိ လျှပ်စစ်မီးပေးထားရာ လျှပ်စစ်ဓာတ်အားပေးစက်အတွက် တစ်နာရီစပါးခွံ ရှစ်တင်း၊ မြေပဲခွံ ၁၂တင်း အသုံးပြုရသည်။ ဓာတ်ဆီနှင့် ဒီဇယ်ဆီများ သုံးစွဲရန် လုံးဝမလိုအပ်သဖြင့် နိုင်ငံတော်အတွက် တစ်လလျှင် ဒီဇယ်ဆီ ဂါလန် ၂၅၀ ခန့် သက်သာအောင် ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

ဝမ်းမြောက်ဝမ်းသာ

ကြာနီကန် တယ်လီဖုန်းဆက်သွယ်ရေးစခန်းမှာ လိုင်း၅၀ပါဝင်ပြီး ကြာနီကန်အုပ်စုမှ ပြည်တွင်းသာမက ပြည်ပသို့ပါ ဆက်သွယ်ဆောင်ရွက်နိုင်သဖြင့် ကျေးရွာသားများမှာ ဝမ်းမြောက်ဝမ်းသာဖြင့် နိုင်ငံတော်ကို ကျေးဇူးတင်မဆုံးရှိနေကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

✻ *ကျောဖုံးမှ*

အခမ်းအနားတွင် ကျောက်တလုံးကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးသန်းနိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးညွန့်ရွှေတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကက္ကူကျေးလက်ဒေသ ဖွံ့ဖြိုးရေးစာကြည့်တိုက်အတွက် အလှူရှင် ဗုဒ္ဓရက္ခိတကျောင်းမှ ဦးဟိတေသကကိုယ်စား ဦးခွန်အောင်ထွန်းကို ဗီရိုနှင့် စာအုပ်စာစောင်များ၊ ကက္ကူမောက်စံကျေးရွာမှ ဦးခွန်မြင့်အောင်ကိုယ်စား ဦးစိုးမြင့်၊ ဦးကျော်သိန်း၊ ဦးခွန်မောင်လန်းတို့က စာအုပ်၊ စာစောင်ပေါင်း ၆၀၀ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးမျိုးညွန့်ရွှေက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (ကြည်း၊ ရေ၊ လေ)တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ တင်းနစ်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။ (အောက်ယာပုံ)

အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ စစ်သည်များ၊ အိမ်ထောင်စုဝင်မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် အားပေးကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်မျိုးလွင်ဦးနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ်သန်းထိုက်တို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးရာ ရန်ကုန်တိုင်းအသင်းက နှစ်ပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ လူသစ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသောအသင်းများအား တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများက လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်က လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းလွင်ကလည်းကောင်း၊ အသင်းလိုက်ဒုတိယရရှိသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းအား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်အေးကလည်းကောင်း၊

အသင်းလိုက် ပထမရရှိသည့် ရန်ကုန်တိုင်းအသင်းအား တိုင်းဦးစီး (ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီးတင့်ဆွေက လည်းကောင်း အသီးသီးဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)တင်းနစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆွတ်ခူးသွားသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒိုင်အဖွဲ့ဝင်များအား လက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၄

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊(၃၃၇/က) ပြည်လမ်း၊လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ်(၈၀)မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း– ၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပသည်။

မှာကြား

ညှိနှိုင်းဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြား ရှင်းလင်းကြပြီး ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်၊ ဦးမြင့်နိုင်နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ(မန္တလေး) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်တို့က လိုအပ်သည်များ မှာကြားကြသည်။

ယင်းနောက် ရှေ့နေချုပ် ဦးအေးမောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၁၁ ရက်က ရန်ကင်းမြို့နယ် မီးဘေး ကြိုတင်ကာကွယ် ရေး အ တွက် တောင်ဥက္ကလာပ မီးသတ်ဇုန် နယ်မြေမှူး ရဲသူရိန် အောင် ဝင်းစိန် (၉)ရပ်ကွက် အဖွဲ့ဝင် ဦးချစ်ဆွေနှင့် အရန်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးလွင်တို့နှင့်အတူ မီးသုံးစွဲမှုများ ကြည့်ရှုစစ်ဆေးစဉ်။(က–ပ)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ပညာရပ်ဆိုင်ရာဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံတွင် ဘူမိသိပ္ပံပညာဆိုင်ရာ အသိပညာ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်လျက် သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် အကျိုးတူဖက်စပ် လုပ်ကိုင်နေသော Leeward Capital Corp ၏ ဥက္ကဋ္ဌ Mr. James W.Davis က နိုင်ငံတကာစိန်ရှာဖွေရေးလုပ်ငန်း (Diamond Exploration) အကြောင်းကို ဇန်နဝါရီ ၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၊ အခန်းအမှတ်၂၀၂၌ ဟောပြောမည် ဖြစ်သဖြင့် အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

တောင်ကုတ်–မအီ–ကျောက်ဖြူ မော်တော်ယာဉ်လိုင်းသစ်ဖွင့် ကျေးလက်ပြည်သူများ ရာသီမရွေး လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီ

တောင်ကုတ် ဇန်နဝါရီ ၆

ရခိုင်ပြည်နယ် တောင်ကုတ်–မအီ–ကျောက်ဖြူ မော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက်ရနာရီခွဲက တောင်ကုတ်မြို့နယ် ကိုင်းရှည်တံတားဦးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးကိုယ်စား သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က မော်တော်ယာဉ်လိုင်းသစ်ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တောင်ကုတ်–မအီ–ကျောက်ဖြူ မော်တော်ယာဉ်လိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်သော တောင်ကုတ်–မအီ–ကျောက်ဖြူ မော်တော်ယာဉ်လိုင်းတွင် တောင်ကုတ်မှ ဒိုင်နာယာဉ် ၁၀စီး၊ ကျောက်ဖြူမှ ဒိုင်နာယာဉ်ငါးစီးဖြင့် ဇန်နဝါရီ ၁ရက်မှစ၍ နေ့စဉ်ပြေးဆွဲမည်ဖြစ်ပြီး ခရီးလမ်းအရှည်မှာ မိုင် ၁၂၀ဖြစ်ကြောင်း သိရသည်။

လွယ်ကူစွာသွားလာနိုင်

ထိုသို့မော်တော်ယာဉ်လိုင်းသစ်များ ဖွင့်လှစ်ပြေးဆွဲနိုင်မှုကြောင့် ကျေးရွာပေါင်း ၄၈၀မှ ကျေးလက်ပြည်သူများ အချိန်ရာသီမရွေး မြန်မာနိုင်ငံအနှံ့အပြားသို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရင်းငြိမ်ဝဲကလီလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခမောက်စု ကျေးရွာ၌ ကျေးလက်ရေရရှိရေး တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းအောင်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

ဒီဇင်ဘာ ၂၅ ရက်က ထားဝယ်မြို့နယ် ပကာရီ တံတား ပကာရီဘက်ခြမ်းမှတည်ဆောက်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့က ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့ ဒုတိယလမ်း ရေကျော်တံတားတည်ဆောက်

ဝမ်းတွင်း ဒီဇင်ဘာ ၃၀

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်သည် ဝမ်းတွင်း(၂)ရပ်ကွက်ရှိ ဒုတိယလမ်း ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်မာဝေနှင့်အတူ လုပ်ငန်းအရည်အသွေးကောင်းမွန်စေရေးအတွက် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

အကုန်အကျခံဆောင်ရွက်

အဆိုပါရေကျော်တံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး အကျယ်၂၂ပေ၊ အရှည်ပေ၁၁၀ရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၂၇၄၁၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖျာပုံမြို့ ကျေးလက်နှင့် မြို့ပြ လမ်း၊တံတား၊ရေပေးရေးလုပ်ငန်းကြည့်ရှု

ဖျာပုံ ဒီဇင်ဘာ ၃၁

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်နှင့်မြို့ပြ၊ လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများကို ဒီဇင်ဘာ၁၇ရက်နှင့်၁၈ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ အသားရောင်းဆိုင်များကို ဒီဇင်ဘာ၁၈ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဒေါ်တင်မြိုင်တို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၁၅၈)



ငြိမ်းချမ်းရောင်ခြည် စာကြည့်တိုက်ဖွင့်

ကျောက်မဲ ဇန်နဝါရီ ၁

ကျောက်မဲမြို့နယ် အောင်မြေသာယာ စံပြကျေးရွာ ငြိမ်းချမ်းရောင်ခြည်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုနှင့် ဦးကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ငြိမ်းချမ်းရောင်ခြည်စာကြည့်တိုက်သို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက လက်ခံရယူကြပြီး ဦးကျော်ရင်က စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ်နှစ်သောင်းပေးအပ်လှူဒါန်းရာစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခရာနော်က လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်လံမြို့နယ်တွင် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ ငွေပဒေသာပင်စိုက်ထူ၊ စာအုပ်များလှူဒါန်း

အောင်လံ ဒီဇင်ဘာ ၃၁

အောင်လံမြို့နယ်သပြေပင်ကျေးရွာတွင် ကျေးလက်ပျိုးခင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ရက်က သပြေပင်ကျေးရွာအလယ်တန်းကျောင်းတွင် ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအလုပ်အမှုဆောင် စာရေးဆရာ လယ်တွင်းသားစောချစ်၊ ခရိုင် ဦးစီးအရာရှိဦးဝင်းမြိုင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဆရာလယ်တွင်းသားစောချစ်က စာဖတ်ပါဟူသော ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ စာကြည့်တိုက်ငွေပဒေ သာပင်စိုက်ထူပွဲနှင့် စာအုပ် လှူဒါန်းပွဲကို ကျင်းပရာ ကျေးရွာအလှူရှင်များကိုယ်စား ဦးရွှေဝင်းက ငွေပဒေသာပင် ကျပ်ဆယ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက လက်ခံခဲ့ပြီး စာအုပ် အလှူရှင်များကိုယ်စား စာအုပ်၂၅၀၀ကို အောင်လံမြို့မှ ကိုအောင်မြင့်ဇော်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့် တိုက်မှူး ဦးစိုးလွင်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းဆောင်ရွက်

ရွှေဘိုမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဈေးရေရှည်တည်တံ့စေရန်နှင့် သန့်ရှင်းလှပသပ်ရပ်မှု ရှိစေရန်အတွက် ဒီဇင်ဘာ ၂၇ ရက်က ဘက်စုံပြုပြင်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ဈေးသူဈေးသားများ စုပေါင်း၍ ဆောင်ရွက်ကြစဉ်။

(၃၂၄)

အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ပြည်ထောင်စုနေ့အကြို ရွှေရတုကာလယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၅ခုနှစ် အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၄ရက်မှ စတင်၍ မန္တလေးမြို့နှင့် ပဲခူးမြို့များ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ၁၆သင်း ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ရာ အုပ်စုလေးစုခွဲ၍ ပထမဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်

ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ၁၄ရက်မှ၂၅ရက်အထိ ကျင်းပလျက်ရှိရာ မန္တလေးမြို့၌ အုပ်စု(က)နှင့် အုပ်စု(ခ)ပွဲစဉ်များကိုလည်းကောင်း၊ ပဲခူးမြို့၌ အုပ်စု(ဂ)နှင့် အုပ်စု(ဃ)ပွဲစဉ်များကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်၁၆သင်းကို အုပ်စုလေးစုခွဲထားရာ အုပ်စု(က)၌ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်၊ အုပ်စု(ခ)၌ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်း၊ အုပ်စု(ဂ)၌ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်၊ အုပ်စု(ဃ)၌ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ကရင်ပြည်နယ်တို့ ပါဝင်ကြသည်။

ဒုတိယအဆင့်

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ၂၉ရက်မှ ဖေဖော်ဝါရီ၃ရက်အထိ လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို ဖေဖော်ဝါရီ၅ရက်နှင့် ၆ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၈ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၉ရက်တွင်လည်းကောင်း ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယခင်က ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်များကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့)၌ ကျင်းပခဲ့သော်လည်း (၄၉)ကြိမ်မြောက် ပြိုင်ပွဲမှစတင်၍ ဖေဖော်ဝါရီ ၉ရက်သို့ ပြောင်းလဲကျင်းပခဲ့သည်။

ဇန်နဝါရီ၃ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) အမက (၁) မူလွန်ကျောင်း ပညာရေးစုံ ညီပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဘာသာစုံ ထူးချွန်ဆု ရရှိသော ပထမတန်းမှ မောင်ဝေယံထက် အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

သတင်းဆောင်းပါး — ကိုထွေး

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဆွတ်ခူးရရှိသော အသင်းသည် ပြည်ထောင်စုဒိုင်းကြီးကို သယ်ဆောင်၍ ဒေသခံပြည်သူများနှင့်အတူ ပြည်ထောင်စုနေ့၌ အောင်ပွဲခံနိုင်ရေးအတွက် ယခုကဲ့သို့ ပြောင်းလဲစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိချန်ပီယံ

၂၀၀၄ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ရပြီးဗိုလ်စွဲခဲ့သည်။ နာမည်ကြီး ရန်ကုန်တိုင်းအသင်းသည် ၁၉၉၁ ခုနှစ်နောက်ပိုင်းတွင် ဗိုလ်လုပွဲသို့ မတက်ရောက်နိုင်ဘဲရှိခဲ့ရာမှ ၁၃နှစ် အကြာတွင် ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အသင်းသည် ချန်ပီယံ သရဖူကို ကာကွယ်နိုင်ရေးအတွက် ပြိုင်ပွဲအကြို ကာလတွင် အစွမ်းကုန် ပြင်ဆင်လေ့ကျင့်ခဲ့သည်။ ၂၀၀၄ခုနှစ် နိုဝင်ဘာ ၉ရက်မှ ဒီဇင်ဘာ၁၅ရက် အထိ ကျင်းပခဲ့သော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲအပြီးတွင် ပဏာမလက်ရွေးစင် အားကစားသမား ၄၀အား ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ခဲ့သည်။ ၂၀၀၄ ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းမှ အားကစားသမားရှစ်ဦးကို ထပ်မံအင်အားဖြည့်တင်းခဲ့သည်။ ပဏာမလက်ရွေးစင် ၄၈ဦးအား ခြေစမ်းပွဲများကစားစေပြီး ပဏာမလက်ရွေးစင် ၃၀သို့ လျှော့ချခဲ့သည်။

ခြေစမ်းပွဲ ယှဉ်ပြိုင်

ရန်ကုန်တိုင်း လက်ရွေးစင် ဘောလုံးအသင်းသည် ပြိုင်ပွဲအကြို ခြေစမ်းပွဲ များ ယှဉ်ပြိုင်ကစားပြီး အတွေ့အကြုံကောင်းများ ရရှိခဲ့သည်။ ကရင်ပြည်နယ် ဘားအံမြို့၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၉ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ၂ရက်အထိ ကျင်းပခဲ့သော ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား လေးပွင့်ဆိုင် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ရန်ကုန်တိုင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲကို အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲအကြို ခြေစမ်းသည့်အနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းအသင်း၊ ကရင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်း အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရန်ကုန်တိုင်းအသင်းသည် ပဲခူးတိုင်းအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင် ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားရရှိခဲ့ခြင်းဖြစ်သည်။

အတွေ့အကြုံရယူ

ရန်ကုန်တိုင်း လက်ရွေးစင် အသင်းသည် အကြိမ်(၅၀)မြောက် ရွှေရတု ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးရရှိရေး အတွက် မိမိတို့ထက် ခြေစွမ်းမြင့်မားသော အသင်းများနှင့် ခြေစမ်းပြီး အတွေ့အကြုံကောင်းများ ရယူခဲ့သည်။ ရန်ကုန်တိုင်း လက်ရွေးစင် အသင်းသည် ခြေစမ်းပွဲများအဖြစ် အသက်(၁၇)နှစ်အောက် ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲမှ ရွေးချယ်ထားသော လူငယ်လက်ရွေးစင် (တိုင်းစတား) အသင်း၊ အဆင့်မြင့်တန်းမှ ပြည်ထဲရေးအသင်းနှင့် ပတ္တမြားနဂါး အသင်း၊ တတိယတန်းမှ First Eleven အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည်။

ခြေစမ်းပွဲ လေးပွဲကစားပြီး နောက် ပဏာမလက်ရွေးစင် ၃၀ အနက်မှ ၂၄ဦးသို့ ထပ်မံလျှော့ချခဲ့သည်။ နောက်ဆုံး ဆန်ခါတင် လူစာရင်းဖြတ်ရန် ဇန်နဝါရီ၉ရက်က မြန်မာ့ လက်ရွေးစင်ဟောင်းများ အသင်းနှင့် ခြေစမ်းပွဲ ကစားရာ ခုနစ်ဂိုး–ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါခြေစမ်းပွဲအပြီးတွင် နောက်ဆုံး ဆန်ခါတင် အားကစားသမား၂၀ ရွေးချယ်ပြီး ဇန်နဝါရီ၁၁ရက်က မန္တလေးမြို့သို့ ထွက်ခွာသွားသည်။

ရန်ကုန်တိုင်းအသင်း

အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲဝင် ရန်ကုန်တိုင်း လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်တိုင်း အားကစားမှူး ဦးလှဝင်း၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်လတ် (အောင်တံခွန် သယ်ယူပို့ဆောင်ရေး)၊ အတွင်းရေးမှူးများ အဖြစ် ဦးသိန်းထိုက်(ဦးစီးအရာရှိ၊ အား/ကာ) နှင့် ဦးနေလင်း၊ နည်းပြများအဖြစ် ဦးတင်မျိုးအောင် (ပြည်ထဲရေး)နှင့် ဦးဇော်လေးအောင် (ကာကွယ်ရေး) တို့က လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် နေလှိုင်(ဂိုး)၊ သိန်းဇော်(ဂိုး)၊ စောမြတ်အေး၊ သီဟဇော်၊ မိုးကျော်ထွေး၊ အောင်ဇော်လတ်၊ သန်းဇော်ထိုက်၊ မြတ်မင်းထက်၊ စအောင်အောင်၊ သန်းနိုင်၊ လွင်မောင်မောင်မျိုး၊ ခင်မောင်ဦး၊ ပိုင်စိုး၊ ဝင်းခိုင်ထွန်း၊ ဇော်မိုး၊ သန့်ဇင်၊ ရဲဝင်းထိုက်၊ ဝေဖြိုးအောင်၊ အောင်ကိုမင်းနှင့် ထိန်ဝင်းအောင်တို့ ပါဝင်ကြသည်။

အစဉ်အလာကြီးမား

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲကြီးသည် မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများမွေးထုတ်ပေးသည့် အစဉ်အလာကြီးမားသော ဘောလုံးပြိုင်ပွဲတစ်ရပ်ဖြစ်သည်။မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း အရှေ့တောင်အာရှသာမက အာရှအဆင့်အထိပါ ထိုးဖောက်အောင်မြင်ပြီး ရွှေရောင်လွှမ်းခဲ့သောကာလတွင် ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပွဲစဉ်အစမှအဆုံး ကျင်းပခဲ့ရာ ပရိသတ်အားပေးမှု အလွန်များပြားခဲ့သည်။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲကြီးကို နှစ်စဉ်မပြတ် ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ရွှေရတုကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုကာလတွင်ကျင်းပမည့် အကြိမ် (၅၀) မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲတွင် မည်သူက ပြည်ထောင်စုဒိုင်းကြီးကို ဆွတ်ခူးရရှိသွားမည်ကို စောင့်စားကြည့်ရှုကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမှတ် ၁၂၁ ၅/၇ ရပ်ကွက် ချယ် ရီ လမ်း နေ ဦး မိုး အောင် – ဒေါ် ခင် က လျာ ထွန်း၊ သား သူရိန် ထက်မြတ်၊ သမီး မ နှင်း စက် ထက် ခန့် တို့က နှစ်ဖက် မိဘများအား အမှူး ထား၍ နာရေး ကူညီမှု အသင်း (ရွှေပြည်သာ) သို့ ကျပ်ငွေတစ်သိန်းကို အသင်းတည်ရှိရာ ရွှေပြည်သာ ပရိယတ္တိ စာသင်တိုက်၌ လှူဒါန်းရာ တိုက်အုပ်ဆရာတော် ဦးဇောတိက ရှေ့မှောက်တွင် တွဲဖက်အတွင်းရေးမှူး(၁) ဦးချစ်သင်း (စာရေးဆရာ ခန့်ဇော်)နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်စိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က–ပ)

ကမ္ဘာတစ်လွှား အားကစား

ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကမ္ဘာကျော်ဂေါက်သီးရိုက်ကစားသမားများပါဝင်ယှဉ်ပြိုင်

ဟာဝိုင်ရီ ဇန်နဝါရီ ၁၄

ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၃ရက်က ဟာဝိုင်ရီ၌ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါ ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဖီဂျီနိုင်ငံသား ဗီဂျေဆင်း၊ တိုက်ဂါးဝုဒ်၊ တောင်အာဖရိကမှ အာနိုင်းအဲ့စ် စသော ဂေါက်သီးရိုက်အကျော်အမော်များ ပါဝင်ကစားလျက်ရှိသည်။

ယုံကြည်ထား

ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ အာနိုင်းအဲ့စ်သည် ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးဖြစ်အောင်ကစားပြီး တတိယအကျော့အထိ ဦးဆောင်နိုင်ရန် ယုံကြည်ထားကြောင်း ၎င်းကပြောကြားသည်။

အဲ့စ်သည် ကာပါလူယာ၌ ကစားခဲ့သည့် မာစီးဒီးချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော စတုအတ်အပလီဘိုင်၏နောက်မှ ဒုတိယလိုက်ခဲ့သူဖြစ်သည်။



ဆိုနီအိုးပင်း ပထမ အကျော့တွင် ဂျော်ဂျီယာမှ စတီဝပ်ကလင့်ခ် က ဘာဒီအတွက် ဂေါက်သီးကို ရိုက်လိုက်စဉ်။ (ဓာတ်ပုံ– အင်တာနက်)

စပိန်တိုက်စစ်မှူး မိုရီရန်တေးစ် ရီးရဲမက်ဒရစ်မှလီဗာပူးပြောင်းရွှေ့

မက်ဒရစ် ဇန်နဝါရီ ၁၄

စပိန်တိုက်စစ်မှူး ဖာနန်ဒိုမိုရီရန်တေးစ်သည် ရီးရဲမက်ဒရစ်အသင်းမှ အင်္ဂလန် လီဗာပူးအသင်းသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ၎င်းက ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

အဆိုပါ စပိန်တိုက်စစ်မှူးသည် ရီးရဲမက်ဒရစ်က ပြောင်းရွှေ့စရိတ် ယူရိုကိုးသန်း (အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈ သန်း)ဖြင့် ပြောင်းရွှေ့ရန် သဘောတူထားသည်။

၎င်းသည် ၁၉၉၇ခုနှစ်ကတည်းက ရီးရဲမက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းအတွက် ဥရောပဖလားသုံးလုံးနှင့် လိဂ်ဖလားနှစ်လုံး ရယူရာတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။

(ဆင်ဟွာ)

အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အထက သုဝဏ္ဏကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက်၉နာရီက သီရိသုဝဏ္ဏ ကျောင်းခန်းမ၌ ကျင်းပရာ အသက်(၅၅)နှစ်အထက် အငြိမ်းစားဆရာ ဆရာမကြီး ၈၂ဦးအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့၍ ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြသည်။ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲအထိမ်းအမှတ် ညစာစားပွဲကို ဇန်နဝါရီ ၁၀ရက်(တနင်္လာနေ့) ညနေ ၆ နာရီက သုဝဏ္ဏ စကိတ်ကွင်းရှိ Eagel Garden Restaurant ၌ ကျင်းပခဲ့ကြောင်းသိရသည်။(က–ပ)

မုဒုံတွင် လမ်းမကြီး၇ လမ်းနှင့် ပုလဲလမ်း ကတ္တရာလမ်းသစ်များဖွင့်

မုဒုံ ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ငွေကျပ် ၄၆သိန်းကျော် အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သည့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက်က အဆိုပါလမ်းသစ် မုခ်ဦးရှေ့တွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

လမ်းမကြီး(၇)လမ်းကတ္တရာလမ်းသစ်ဖွင့်

အစီအစဉ်အရ ငွေကျပ် ၂၄သိန်း အကုန်အကျခံ ဆောင်ရွက်ပြီးစီးခဲ့သည့် မုဒုံမြို့မ(၃)ရပ်ကွက် လမ်းမကြီး (၇)လမ်း ပေအရှည် ၇၃၄ပေ၊ အကျယ် ၁၂ပေရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အမှုဆောင်အရာရှိ ဦးဖုန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပုလဲလမ်းကတ္တရာလမ်းသစ်ဖွင့်

အလားတူငွေကျပ် ၂၂သိန်းအကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သည့် မုဒုံမြို့မ(၄)ရပ်ကွက် ပုလဲလမ်း ပေအရှည် ၆၁၇ပေ၊ အကျယ် ၁၂ပေ ရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်အား မြို့နယ်အင်ဂျင်နီယာဦးစိုးနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဖွင့်လှစ်လိုက်သည့် ကတ္တရာလမ်းသစ်များကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နေ ပြည်သူများ သောက်သုံးရေရရှိရေး မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

မိတ္ထီလာ ဒီဇင်ဘာ ၃၁

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မိတ္ထီလာမြို့နေ ပြည်သူများသန့်ရှင်းသော သောက်သုံးရေ ပေးဝေနိုင်ရေးအတွက် မိတ္ထီလာမြို့ မဟာစည်ကွက်သစ်ရပ်ကွက်တွင် မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းဆောင်ရွက် ပေးလျက်ရှိရာ ၁၀ လက်မ တွင်းငါးတွင်း၊ လေးလက်မ အစမ်းတွင်းသုံးတွင်း၊ ရေတွန်းပန့်စက်ရုံငါးရုံ၊ ရေပိုက်လိုင်းပေ ၂၅၀၀၊ ကေဗို ၄၀၀ ဓာတ်အားလိုင်းပေ ၂၅၀၀၊ ၁၁ ကေဗီဓာတ်အားလိုင်း ပေ ၈၀၀ တို့ကို ဆောင်ရွက်ပေးပြီးဖြစ်သည်။

ဆက်လက်၍ ဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန် (ပေ ၈၀ x ပေ ၄၀ x ၉ ပေ) အရွယ်အား ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ဟိုပင်မြို့တွင် ကိုယ့်အားကိုယ်ကိုး ရွှေသိပ္ပံစာကြည့်တိုက်ဖွင့်

ဟိုပင် ဒီဇင်ဘာ ၃၁

ကချင်ပြည်နယ် ဟိုပင်မြို့ မြို့မ မြောက်ရပ် ရွှေသိပ္ပံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကို ဟိုပင်မြို့ မြို့မမြောက်ရပ် ကွက်ဥက္ကဋ္ဌ ဦးလှရွှေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသိန်းအောင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်က အမှာစကား ပြောကြားပြီးမြို့နယ် ဦးစီးမှူး ဒေါ်မြတင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် စာပေ၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ပျဉ်းမနား မြို့နယ်စည်ပင်သာယာရေး အဖွဲ့က မြို့တွင်းလမ်းများအဆင့်မြှင့်ရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော အမှတ်(၉) လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၉ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၁၀၁)

တူးဖော်ဆောင်ရွက်

ဒီဇင်ဘာ ၅ရက်က တံတားဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း တပယ်ကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပေးစဉ်။

(နယ်စပ်/စည်ပင်)

ဆင်ပေါင်ဝဲမြို့နယ်တွင် မြေနီကျောက်ချောလမ်းဖွင့်

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄ -၂၀၀၅ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်ခဲ့သော မြို့ပြလမ်းအရှည်ပေ ၆၂၄ပေx အကျယ် ၁၂ပေ မြေနီကျောက်ချောခင်းခြင်း လုပ်ငန်းကို ခွင့်ပြုငွေကျပ် ၈၅၅၀၀၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ရာ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက လမ်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေက လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ဖွင့်ပွဲ အထိမ်းအမှတ်အလံကို လွှဲပြောင်း လက်ခံရယူပြီး လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။

(မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဇေယျတို့ နိုဝင်ဘာ ၂၆ရက်က မူဆယ်မြို့ အဝင် မုခ်ဦးဆေးသုတ်ခြင်းလုပ်ငန်းနှင့် မုခ်ဦးပတ်ဝန်းကျင်တွင် မြေခင်း အလှဆောင်ရွက်မှုကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ၄ရက်က မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောလွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖတ်ကြားစဉ်။ (ဝ၉၇)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှတ်(၁)နဂါးပွက်တောင်လမ်းတစ်လျှောက် ဒီဇင်ဘာ ၂၀ရက်က သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်လွင် ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

ခင်ဦး ဇန်နဝါရီ ၁၅

ခင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၂၀၀၅ခုနှစ် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကိုဇန်နဝါရီ၁ရက် နံနက် ၁၀နာရီက ခင်ဦးမြို့နယ် အထက သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးပေါ်ထွန်းက အမှတ်ပေးစည်းမျဉ်းများကိုရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်မိုးသန်းက ပထမဆုရ ရွှေကူတဲစုအလကမှ မသီတာဝင်းကို လည်းကောင်း၊ကျောင်းအုပ်ဆရာကြီးဦးပေါ်ထွန်းက ဒုတိယဆုရ ခင်ဦးအထကမှ မောင်စိုးဝင်းနိုင်ကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်တင့်က တတိယဆုရ ရွှေကူတဲစုမှ မအေးမြမြအောင်တို့ကို လည်းကောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်မျိုးငြိမ်းက နှစ်သိမ့်ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကညွတ်ကွင်းမြို့တွင် ကွန်ပျူတာသင်တန်းဖွင့် ကွန်ပျူတာများနှင့် ပညာသင်ထောက်ပံ့ရန် ငွေလှူ

ကညွတ်ကွင်း ဇန်နဝါရီ ၅

ပဲခူးတိုင်း ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ကွင်းရှေ့၊ ကွင်းနောက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပညာရည်မြှင့်တင်ရေးကော်မတီကကြီးမှူးပြီး ကွန်ပျူတာသင်တန်းအပတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက် နံနက်၈နာရီက အောင်တော်မူခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့်အဖွဲ့ဝင် (၁) ဒုတိယရဲမှူး သောင်းအေး၊ ကွင်းနောက်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်ကွင်းရှေ့ ဥက္ကဋ္ဌ ဦးစံမြင့်တို့က ကွန်ပျူတာ သင်တန်းကို ဖွင့်လှစ်ပေးကြပြီးအမှာစကားပြောကြားကြသည်။

ထို့နောက် ကျပ်သိန်း ၃၀ တန်ဖိုးရှိသော ကွန်ပျူတာငါးလုံးနှင့် ပညာသင်ထောက်ပံ့ရန်အတွက် ငွေကျပ် ၃၂သိန်းကို ရန်ကုန်မြို့နေ အရဏ်ဦးကုမ္ပဏီပိုင်ရှင် ဦးအောင်ဝင်းက ပေးအပ်လှူဒါန်းရာ ကွင်းနောက် ဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံရယူသည်။

(ယာပုံ) (၁၇၆)

ကျောင်းသား ကျောင်းသူများ ဇဟိုအဆင့်ယှဉ်ပြိုင်ရန်ရည်ရွယ် ပဲခူးမြို့တွင်အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၆

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲကို ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းတွင် ဒီဇင်ဘာ၂၆ ရက် နံနက် ၉နာရီက ကျင်းပရာ ပဲခူးမြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူး မောင်မောင်ကြွယ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ဝဲပုံ)**

ရည်ရွယ်ကျင်းပ

အဆိုပါ ပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ပဲခူးမြို့နယ်)က ကြီးမှူး၍ ပဲခူးမြို့ပေါ်ရှိ ဝါသနာရှင်ကျောင်းသား ကျောင်းသူများကို ဇဟိုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းကုန်းမြို့တွင် ကာယအလှမယ်ရွေးချယ်ဆုချီးမြှင့်

ကျောင်းကုန်း ဇန်နဝါရီ ၁၀

ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့ပူးပေါင်းစီစဉ်ကျင်းပသည့်(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ ကာယအလှမယ်ရွေးချယ်ပွဲကို ဇန်နဝါရီ၄ ရက် ည၇နာရီက ဇရာဝတီတိုင်း ကျောင်းကုန်း မြို့နယ် မြို့မမိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာ ၆၈အုပ်စုမှကာယအလှမယ်၆၉ဦးတို့ယှဉ်ပြိုင်ကြရာပထမဆုရ ကံကလေးကျေးရွာမှ မချမ်းမြအေးအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းယုက စလွယ်နှင့် ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ဝဲပုံ) (၂၆၅)

ကျန်းမာရေးဆိုင်ရာဟောပြောပွဲ ကြံခင်းမြို့နယ်တွင် ကျင်းပ

ကြံခင်း ဇန်နဝါရီ ၅

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀နာရီက ကြံခင်း မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ကျန်းမာရေးဆိုင်ရာဆွေးနွေး

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပုနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညွန့်ဟန်၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းစိုးဝင်း၊ အထူးကုဆရာဝန်ကြီး (ကာလသား) (မန္တလေး) ဒေါက်တာထွန်းမြင့်၊ UNDP/ UNOPS မှ ဒေါက်တာမျိုးမင်းနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ ဧည့်ရိပ်သာများမှ တာဝန်ခံများနှင့် အခြားဖိတ်ကြား ထားသူများက မြို့နယ်မှ ကျန်းမာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဦးတည်အုပ်စုများတွင် ကျန်းမာရေးဆိုင်ရာ စီမံချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ပဲခူးတိုင်း ကျောက်တံခါးမြို့ သာယာလှပ သန့်ရှင်းရေးအတွက် မြို့တွင်း ပလက်ဖောင်းများ ဆေးသုတ်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးလှရွှေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဘွဲ့တံဆိပ်များ ချီးမြှင့်ခံရသော မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ အသင်းဝင်များဖြစ်သော ---

သီရိသုဓမ္မသီဂီ	ဒေါ်တင်နွယ်ဦး
သီရိသုဓမ္မသီဂီ	ဒေါ်အေးမြတ်နွယ်
သီဟသုဓမ္မသီဂီ	ဒေါ်ရင်ကြွေ
သီဟသုဓမ္မသီဂီ	ဒေါ်ကြင်မြင့်

တို့အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း။

အမည်ပြောင်း

ဦးအေးကြိုင်၏သား အမက (၂၀)လှိုင်စတုတ္ထတန်းမှ မောင်ဆန်းညွန့်အောင်အား မောင်ဉာဏ်လင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏ်လင်းထွန်း။**

လှိုက်လှဲ ဝမ်းမြောက်စွာ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့နေ အောက်ပါပုဂ္ဂိုလ်တို့အား နိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ချီးမြှင့်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅) ဖြင့်

သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

သုံးဆယ်မြို့ စံရွေးတန်းရပ်ကွက်၊ စံရွေးတန်းလမ်းနေ ရတနာဝင်း(သုံးဆယ်) လီမိတက် သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်အသင်းဝင် **ဒေါ်သန်းသန်းဝင်း**

သီဟသုဓမ္မမဏိဇောတရဘွဲ့တံဆိပ်တော်

သုံးဆယ်မြို့ စံရွေးတန်းရပ်ကွက်၊ အရှေ့လမ်းသစ်တန်းလမ်းနေ ဥက္ကဋ္ဌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပဲခူးတိုင်း၊ သုံးဆယ်မြို့အသင်း (ရန်ကုန်)၏ ဂုဏ်ထူးဆောင်အသင်းဝင် **ဦးရဲခင်**

သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

သုံးဆယ်မြို့ စံရွေးတန်းရပ်ကွက်၊ တရုတ်တန်းလမ်းနေ စိန်ရွှေရတနာဆိုင်နှင့် ပွဲရုံလုပ်ငန်းပိုင်ရှင် သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်အသင်းဝင် **ဒေါ်ကြင်မြင့်**

သုဓမ္မမဏိဇောတရဘွဲ့တံဆိပ်တော်

ရန်ကုန်တိုင်း အမှတ်(၃၇၇)၊ လှော်ကားလမ်းမကြီး (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင် အသင်းဝင်

ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်)

၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၅) ဖြင့်

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

သုံးဆယ်မြို့ အနောက်လက်ပံခုန်ရပ်ကွက်၊ လမ်းမတော်လမ်းနေ စံချိန်မီစက်နှိုဆီလုပ်ငန်း ဥက္ကံ–ဆူးလေ(စံချိန်မီ)အမြန်ယာဉ်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ စံချိန်မီ ရတနာရွှေဆိုင်လုပ်ငန်း၊ တိုင်းမော်တော်ယာဉ်လုပ်ငန်းကော်မတီ၊ သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ ဂုဏ်ထူးဆောင်အသင်းဝင် **ဦးလှထွန်း**

သို့ပါ၍ သုံးဆယ်မြို့အသင်း(ရန်ကုန်)က နိုင်ငံအကျိုး၊ သာသနာအကျိုး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

အမှုဆောင်အဖွဲ့
သုံးဆယ်မြို့အသင်း(ရန်ကုန်)။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် ၄–၁–၂၀၀၅ရက်တွင် နိုင်ငံတော်က **သီဟသုဓမ္မမဏိဇောတရဘွဲ့**တံဆိပ်ချီးမြှင့်ခြင်း ခံရသော **ဦးကိုကိုလတ်** (ကြည်သာရတနာရွှေဆိုင်) သဃ်န်းကျွန်းဈေးအား လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။ ဆက်လက်၍ နိုင်ငံနှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတင်အောင်၊ ဦးဇော်အောင်၊ ဦးစိန်မြင့်၊ ဦးစန်းမောင်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်အေးအေးမြင့်၊ ဦးအောင်ကျော်မိုး။

ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၅)ဖြင့် ၄–၁–၂၀၀၅ ရက်တွင် **လူမှုထူးချွန်(တတိယဆင့်)** ချီးမြှင့်ခံရသော **ဦးဘသန်း(ခ) ဦးမောင်မောင်လောက်** (တော်ဝင်မိသားစု) အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။ **OLD Star**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၅)ဖြင့် ၄–၁–၂၀၀၅ ရက်တွင် **သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်** ချီးမြှင့်ခံရသော မှန်ချိုဆေးတိုက်မှ **ဒေါ်တင်နွယ်ဦး** အား နိုင်ငံအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အထက ကျောင်းအကျိုးတော်ဆောင်များအဖွဲ့
ချောင်းဦးမြို့။

Diamond City

တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က ဥက္ကံစစ်မှုထမ်းဟောင်းအဖွဲ့ရုံးတွင် ကျင်းပရာ မြို့နယ် ဦးစီးမှူး ဦးမြင့်စိုးက နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။ (က–ပ)

ကြို့ပင်ကောက်မြို့ ဗုဒ္ဓစွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကျင်းပမည်

ကြို့ပင်ကောက် ဇန်နဝါရီ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ကျက်သရေဆောင် ဗုဒ္ဓမြတ်စွယ်တော် (၅၃)နှစ်မြောက်ပူဇော်ပွဲနှင့် သတ္တမအကြိမ်မြောက် လှည့်လည် အပူဇော်ခံပွဲတော်ကို ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်မှစ၍ ပြာသိုလပြည့်ကျော် ၁၀ရက်အထိ ခုနစ်ရက်တိုင်တိုင် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်အား အပူဇော်ခံရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရက ပြာသိုလပြည့်ကျော် ၃ ရက်တွင် ဖွင့်လှစ်ပေးမည် ဖြစ်ပြီး ဆရာတော် ၄၅ ပါးတို့အား နေ့စဉ် ဆွမ်းခဲဖွယ်များ ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။ ပြာသိုလပြည့်ကျော် ၉ရက် တွင် ဗုဒ္ဓမြတ်စွယ်တော်ကို ရတနာဆင်တော်ဖြင့် ပင့်ဆောင်ပြီး စည်ကားသိုက်မြိုက်စွာဖြင့် မြို့ပေါ် ၁၀ ရပ်ကွက်အတွင်း လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ ညစဉ် ဖျော်ဖြေရေးအစီအစဉ်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၈ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပသော စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုနှင်းပွဲတွင် စာရေးဆရာမ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် အလှူငွေကျပ် သုံးသောင်း နှင့် စာအုပ်များ လှူဒါန်းရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)က လက်ခံရယူစဉ်။ (၁၇၃)

ကွယ်လွန်သူ(ဦးမျိုးညွန့်) အားရည်စူး၍ အမှတ် ၈၉ နှင်းဆီလမ်း အလုံမြို့နယ်နေ ဇနီးဒေါ်နုနှင့် သားသမီးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အလုပ်အမှုဆောင် ဦးအောင်ကြွယ်စိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ တီးတိန်တွင် စက်ချုပ်နှင့်သိုးမွေးစက်ဆွဲ သင်တန်းဖွင့်

တီးတိန် ဇန်နဝါရီ ၅

ချင်းပြည်နယ် တီးတိန်မြို့တွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၄/၂၀၀၄)နှင့် သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၂/၂၀၀၄)သင်တန်းဖွင့်ပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၇ရက် နံနက် ၉ နာရီက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဂိုးဆွင်းခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး အိမ်တွင်းမှု သင်တန်းကျောင်းအုပ်ဒေါ်အေးမေက သင်တန်းနှင့် ပတ်သက်သည်များ ရှင်းလင်း ပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသူ ၃၆ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၁၄ပတ်ဖြစ်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့ ဗုဒ္ဓဓမ္မသင်တန်းဆင်းပွဲကျင်းပ

တောင်ငူ ဇန်နဝါရီ ၁၂

တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရ(သာ–သီ–ဓ၊ အကျော်)ကကြီးမှူး၍ ဓမ္မဒါနအဖြစ် ၈ ရက်ကြာ တောင်ငူမြို့စည်ပင်ဂိုဏ်းအုပ်စာသင်တိုက်၌ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည့် ပထမအကြိမ် အသုံးချ ဗုဒ္ဓဓမ္မသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် က အဆိုပါကျောင်းတိုက်တွင်ကျင်းပသည်။

ပြောကြား

သင်တန်းဆင်း ဩဝါဒစကားကို စည်ပင်ဂိုဏ်းအုပ် ပဓာန နာယကဆရာတော်ကြီးက မိန့်ကြားတော်မူပြီး သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကားကို ဦးကျော်လှ(သတင်းထောက်)က ပြောကြားသည်။ သင်တန်းတွင် အဓိကဘာသာရပ်များအဖြစ် မြတ်ဗုဒ္ဓ၏အရိယသစ္စာ နှင့် မေတ္တာတရားတော်များကို ဆရာတော်ကြီးနှင့်အတူ ရန်ကုန်မြို့မှ ဆရာကြီး ဦးစိုးအောင် (B.A ဓမ္မာစရိယ)၊ ဆရာကြီး ဦးရန်အောင် (B.Sc, Dip. Ed.)(ဩ/သူ)၊ ဆရာဦးကျော်မြင့် (B.E. Tex.)(ဝေဒ) နှင့် ဆရာ ဦးရင်စိန်(ဓမ္မဘဏ်)တို့က သင်ကြားပို့ချရာ သင်တန်းသို့ သံဃာတော် စာသင်သားများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒါယကာ ဒါယိကာမများ ၁၀၀ ကျော် တက်ရောက်ကြသည်။ **(၃၀၃)**

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပက်ထရိုနပ်စ်ကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံ Petronas Co. ဥက္ကဋ္ဌ Tan Sri Dato Sri Mohd Hassan Marican နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့၌ရောက်ရှိနေသော မလေးရှားနိုင်ငံ Petronas Co. ဥက္ကဋ္ဌ Tan Sri Dato Sri Mohd Hassan Marican နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြာနီကန်အုပ်စု ကိုယ့်အားကိုယ်ကိုး စပါးခွံဓာတ်ငွေ့သုံး ကျေးလက်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ တယ်လီဖုန်း၊ စာကြည့်တိုက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဖွင့်ပွဲတွင် ကျေးရွာတယ်လီဖုန်းဆက်သွယ်ရေးစခန်းကို တွေ့ရစဉ်။ (ပြန်/ဆက်)

စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက် ပေါင်းတည်ကြာနီကန်အုပ်စု၌ဖွင့် တယ်လီဖုန်းဆက်သွယ်ရေးစခန်းပါဖွင့်လှစ်နိုင်၍ နိုင်ငံတော်ကိုကျေးဇူးတင်မဆုံးဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြာနီကန်အုပ်စု ကိုယ့်အားကိုယ်ကိုး စပါးခွံဓာတ်ငွေ့သုံး ကျေးလက်လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ တယ်လီဖုန်း၊ စာကြည့်တိုက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀နာရီက ပဲခူးရိုးမပတ်လမ်းပေါ်ရှိ ကြာနီကန်အုပ်စု၌ကျင်းပရာ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း၊ခရိုင်၊မြို့နယ်အဆင့်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ❒**

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ကျေးရွာစာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း၍ ကက္ကူဒေသဖွံ့ဖြိုးရေး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၆ ရက် နံနက်၁၁နာရီက ကက္ကူကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆောက်အအုံ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးညွန့်ရွှေ၊ ပအိုဝ်းတိုင်းရင်းသားအဖွဲ့မှ ဦးခွန်အုန်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **စာမျက်နှာ ၁၁ ကော်လံ ၁ ✻**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရွှေစာအုပ်

ရွှေဖြင့်ပြုလုပ်ထားသော စာအုပ်တစ်အုပ်ကို စာကြည့်တိုက်ဝန်ထမ်းတစ်ဦးက ပြသနေစဉ်။**(အပေါ်ပုံ)**

အဆိုပါ ရွှေစာအုပ်ကို တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကျီနန်မြို့ရှိ ရှေးဟောင်း စာကြည့်တိုက်တစ်ခုတွင် ထိန်းသိမ်းထားရှိသည်။ ၎င်းရွှေစာအုပ်တွင် စာမျက်နှာ ၄၀ ပါရှိကာ တရုတ်နှင့်အင်္ဂလိပ်ဘာသာပြန်ဆိုချက်များပါရှိကြောင်း သိရသည်။

(ရိုက်တာ)

ကမ္ဘာမှအလင်းနှစ် ဖြေသန်းအကွာရှိ နဂါးငွေ့တန်း

အာကာသတွင်ရှိသော ဂြိုဟ်များ၊ နက္ခတ်တာရာများနှင့် နဂါးငွေ့တန်းများကို လေ့လာလျက်ရှိသော နာဆာသိပ္ပံပညာရှင်များသည် ဟူဘယ်အာကာသကြည့်မှန်ပြောင်းမှ တွေ့မြင်ရသည့် နဂါးငွေ့တန်းတစ်ခုကို သေချာစွာလေ့လာလျက်ရှိရာမှ ၎င်းနဂါးငွေ့တန်းသည် ကမ္ဘာမှအလင်းနှစ် ဖြေသန်းအကွာတွင်ရှိကာ အနီရောင်ရှိပြီး ရွေ့လျားနေလျက်ရှိကြောင်း သိရသည်။

ပုံမှာ ဟူဘယ်အာကာသကြည့်မှန်ပြောင်းမှ တွေ့မြင်ရသည့် နဂါးငွေ့တန်းတစ်ခုကို တွေ့ရစဉ်။

(အောက်ပုံ) (အင်တာနက်)



တိုက်ဂါးဖလား တတိယနေရာလုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

စင်ကာပူနိုင်ငံ၌ကျင်းပမည့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာဘောလုံးအသင်းနှင့် မလေးရှားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ဇန်နဝါရီ၁၅ရက်(ယနေ့)**ညနေ ၅နာရီ မိနစ်၅၀မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)